မန္တလေးနေ့စဉ်

The Mandalay Daily

ဥဉဥစန္ဒာစစ် ၊ နိုဝင်ဘာလ ဥဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၅၅)၊ ၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ ၂၈-၁၁-၂၀၂၆၊ စနေနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၁၁)ကြိမ်မြောက် ဧရာဝတီ- ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်ခ်မက်) ထိပ်သီးအစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာကြသည်။

စာမျက်နှာ ၃ သို့ ✪



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စစ် ဂုယင်ထိဟွန်ဗန် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဟန္ဒိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ခရီးဦးကြိုဆိုစဉ်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၂၇

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက် အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက် အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ အများအားဖြင့် သာယာမည်။

မိုး/၈လ

အသိပေးကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကြီးမှူး၍ FX Market Online Trading Platform တွင် နိုင်ငံတော်၏ အရေးကြီးကုန်စည်များဖြစ်သော စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးဝါးနှင့် အခြားကုန်စည်များအတွက် လိုအပ်သော နိုင်ငံခြားငွေများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း(AD) လိုင်စင်ရဘဏ်များမှတစ်ဆင့် သွင်းကုန်တင်သွင်းသူ(Importer)များသို့ ရောင်းချပေးလျက်ရှိပါသည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးဝါးနှင့် အခြားကုန်စည်များ တင်သွင်းရန်အတွက် အမေရိကန်ဒေါ်လာ (၄၉၂.၃)သန်း၊ တရုတ်ယွမ် (၁၀၇.၀)သန်း၊ ထိုင်းဘတ် (၈၄၅.၈)သန်းနှင့် အိန္ဒိယရူပီး (၁၃.၃)သန်းခန့်တို့အား သွင်းကုန်လုပ်ငန်းရှင်များသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Market Trading Rate (ကျပ် ၃၆၆၀)ဖြင့် ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ယနေ့ ဖတ်စရာအညွှန်း

သီတင်းကျွတ်လပြည့်နေ့နှင့်အဘိဓမ္မာတရားတော်(၃)

(ဆောင်းပါး) စာမျက်နှာ ၁၄

၂၀၂၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင် ဆရာကြီး ဦးအောင်သောင်း(အောင်နိုင်-တက္ကသိုလ်)၊ စာရေးဆရာမကြီး ဒေါ်သန်းသန်း(ရွှေသဥ္ဇာ)နှင့် စာရေးဆရာကြီး ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)တို့ရရှိ

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စီစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်လုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး ဦးအောင်သောင်း (အောင်နိုင်-တက္ကသိုလ်)၊ စာရေးဆရာမကြီး ဒေါ်သန်းသန်း(ရွှေသဥ္ဇာ)နှင့် စာရေးဆရာကြီး ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)တို့အား ၂၀၂၅ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

စာမျက်နှာ ၃ သို့ ○

သံဖြူဓရုပ်မြို့နယ်၌ ခေတ်မီနည်းပညာသုံး စက်ကိရိယာများဖြင့် နေလှုန်းဆား ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

မော်လမြိုင် နိုဝင်ဘာ ၂၇

မွန်ပြည်နယ်အတွင်း ဆားလုပ်ငန်းကဏ္ဍကို ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသော နေလှုန်းဆားများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး သံဖြူဓရုပ်မြို့နယ် ပင်ကျေးရွာရှိ ပင်ဆားကွင်း၌ ခေတ်မီနည်းပညာသုံး စက်ကိရိယာများဖြင့် နေလှုန်းဆား ထုတ်လုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၆ သို့ ❖



၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ စနေနေ့။

ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ စီမံခန့်ခွဲပြီး ဆောင်ရွက်ရန် လိုအပ်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၆)ကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမှာစကားပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့် ပတ်သက်၍ စည်းကမ်းတကျဆင့်ခေါ်မှုကို အလေးထားရန် လမ်းညွှန်ထားရှိမှုအပေါ် အဆင့်ဆင့်သော ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်ကြရန် ဦးစွာမှာကြားလိုပါကြောင်း။ နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးကြီးသည့် ကိစ္စရပ်ဖြစ်သည်နှင့်အညီ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ စီမံခန့်ခွဲပြီး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။ မိမိ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် နယ်မြေများအတွင်း အဓမ္မဆင့်ခေါ်မှုနှင့် ငွေကြေးတောင်းခံမှုများမရှိစေရေး စနစ်တကျ စီမံချက်ချဆောင်ရွက်ရန် လိုအပ်ပါကြောင်း။ ပြစ်မှုကျူးလွန်သူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန် လိုအပ်ပါကြောင်း။ ပြစ်မှုကျူးလွန်သူတချို့ကြောင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်၏ပုံရိပ်ကို ထိခိုက်မှုမရှိစေရေး ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်ပါကြောင်း။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အနေဖြင့်လည်း ဗဟိုအဖွဲ့သို့တင်ပြလာသည့် တိုင်ကြားစာများအား စနစ်တကျစိစစ်၍ အရေးယူစေလျက်ရှိပါကြောင်း။ ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာနနှင့်လည်း ပေါင်းစပ်၍ ဥပဒေမဲ့ဆောင်ရွက်ချက်များကို ထိထိရောက်ရောက် အရေးယူလျက်ရှိပါကြောင်း ပြောကြားသည်။ လူမှုကွန်ရက်များပေါ်တွင် တပ်မတော်အရာရှိ အယောင်ဆောင်ပြီး ငွေကြေးလိမ်လည်တောင်းခံနေသူများကို ဖော်ထုတ်အရေးယူခဲ့ပြီး ဆက်လက်၍လည်း စိစစ်ဖော်ထုတ် အရေးယူသွားမည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက ဆက်လက်ပြောကြားရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့များအနေဖြင့် အင်အားအချက်အလက်အမှန်ရရှိရေး မိမိနယ်မြေအတွင်း အကျုံးဝင်သူအင်အားစာရင်းကို သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနနှင့် ပေါင်းစပ်၍ စာရင်းပြုစုမှတ်ပုံတင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ထိုသို့မှတ်ပုံတင်ထားသူများကို အလှည့်ကျစနစ်ဖြင့် ဆင့်ခေါ်နိုင်ရေး စီမံထားရှိရမည်ဖြစ်ပါကြောင်း။ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းမှ ရွှေ့ဆိုင်းခွင့်ရရှိသူများကိုလည်း တပ်/သင်တန်းကျောင်းများမှ ပြန်လည်စေလွှတ်ပေးသည့်အခါ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများသို့သာ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ လွှဲပြောင်း/လက်ခံ ပြုလုပ်၍ စေလွှတ်ပေးလျက်ရှိပါကြောင်း။ တစ်ဦးတစ်ယောက်ချင်းစီသို့ လွှဲပြောင်း/လက်ခံ ပြုလုပ်ပေးခြင်းမျိုးမရှိပါကြောင်း ပြောကြားသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အလုပ်အဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။ ပြည်သူ့စစ်မှုထမ်းခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်က ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သော အချက်အလက်များ၊ လိုက်နာရမည်အချက်များ၊ ခံစားခွင့်များကို နိုင်ငံပိုင်သတင်းမီဒီယာများတွင် မကြာခဏ အသိပေးဖော်ပြလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များသို့ ပထမနှစ် ဝင်ခွင့်ရသူများစာရင်းကြေညာ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများမှ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များသို့ ပထမနှစ် ဝင်ခွင့်ရသူများစာရင်းကို (၂၇-၁၁-၂၀၂၆) ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

အစိုးရနည်းပညာကောလိပ်များသို့ ပထမနှစ် ဝင်ခွင့်ရသူများစာရင်းကြေညာ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများမှ အစိုးရနည်းပညာကောလိပ်များသို့ ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၂၇-၁၁-၂၀၂၆ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

မန္တလေးတိုင်းအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိသာ လက်လီဈေးနှုန်းများ ထုတ်ပြန်

မန္တလေး နိုဝင်ဘာ ၂၇

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ စားအုန်းဆီ တစ်ပိသာလျှင် ရန်ကုန်အထိုင်ဈေး ၇၃၃၀ ကျပ်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်လီ၊ လက်ကားရောင်းချမည့် ဈေးနှုန်းများအားလည်း ရန်ကုန်အထိုင်ဈေးအပေါ် မူတည်ပြီး ကော်မတီမှ သတ်မှတ်သည့်ဒေသအလိုက် အရင်းဈေးအပေါ် အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ် ၂ ရာခိုင်နှုန်း ထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကား ဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိသာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့၌ ၈၆၅၅ ကျပ်၊ မိတ္ထီလာမြို့၌ ၈၄၇၅ ကျပ်၊ ရမည်းသင်းမြို့၌ ၈၄၅၀ ကျပ်၊ ကျောက်ဆည်မြို့၌ ၈၆၀၅ ကျပ်၊ ပြင်ဦးလွင်မြို့၌ ၈၇၀၅ ကျပ်၊ မြင်းခြံမြို့၌ ၈၇၃၀ ကျပ်နှင့် ညောင်ဦးမြို့၌ ၈၆၄၀ ကျပ်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀

၀-၀-၀

မြေငှားဂရန်ရရှိသင့်သူများအား ဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

မန္တလေး နိုဝင်ဘာ ၂၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ မြေငှားဂရန်ရရှိသင့်သူများ ဂရမ်ထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းများ(SOP)နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးအဖွဲ့ဝင်များက ယနေ့မွန်းလွဲပိုင်း၌ ကွင်းဆင်းစစ်ဆေးကြသည်။

မဟာအောင်မြေမြို့နယ်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်(၃) ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးယဉ်မောင်ဟိန်း(ခ) ဦးယဉ်မောင်ထွန်း၊ ဒေါ်ဖြိုးသန္တာ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့တော်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက အမှုတွဲ(၃)ကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်(၁)ဦးကျော်သူဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့တော်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက အမှုတွဲ(၆)ကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်(၂)ဦးသွင်ကျော်ကျော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့တော်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက အမှုတွဲ(၅)တို့ကို ကွင်းဆင်း၍ အမှန်တကယ်နေထိုင်မှု၊ စာရွက်စာတမ်းများ ပြည့်စုံမှု ရှိ၊ မရှိနှင့် အခက်အခဲများကို တွေ့ဆုံမေးမြန်း၍ ဂရန်လျှောက်ထားမှုလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်ပေးနိုင်ရေး လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ကြော်ငြာဌာန
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ ဖုန်း ၀၉-၇၅၁၁၇၀၁၁၉
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com ၂၉လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စစ် ငုယင်ထိဟွန်ဗန် က ဟန္ဒိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

✪ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက လေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် ဟန္ဒိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စစ် ငုယင်ထိဟွန်ဗန် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝေလင်းနှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်မင်းနှင့် ဇနီး၊ တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးမိသားစုများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုနှုတ်ဆက်စဉ် ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် အစဉ်အလာနှင့်အညီ ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ခရီးဦးကြိုဆိုခဲ့ကြသည်။

အဆိုပါ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် (၁၁)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်ခ်မက်)ထိပ်သီးအစည်းအဝေးကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်းနှင့် (၁၂)ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❍ ၂၀၂၅ ခုနှစ်မှ

ထိုနည်းတူ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၅ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန် ကြေညာသည်။

ဝတ္တုတိုဆုတွင် **မျှဝေ(ဥက္ကံ)**ရေးသားသည့် **တောင်ခြေကျေးလက်ဆောင်းမနက် မယ်လိုဒီနှင့် အခြားဝတ္တုတိုများ**စာအုပ်(သီရီမြန်မာစာပေ)၊ ကဗျာ(ဂန္တဝင်)ဆုတွင် **မောင်လွန်းမြိုင်(ပင်လယ်ဘူး)** ရေးသားသည့် **လရိပ်တစ်ခြမ်းပန်းနှင့် လိပ်ပြာကဗျာများ**စာအုပ်(မေတ္တာရိပ်နန်းစာပေ)၊ ကဗျာ(ခေတ်ပေါ်)ဆုတွင် **ဒေါ်ဟေ(အညာမြေ)**ရေးသားသည့် **မာနကင်းမဲ့ဇုန်**စာအုပ်(မြဝတ်ချိုစာပေ)၊ စာပဒေသာဆုတွင် **အန်ကယ်ပညာ** ရေးသားသည့် **မေမှေ့ဆံပင်နှင့် ဘဝလက်တစ်ကမ်းမှ စာတမ်းငယ်များ**စာအုပ်(စာပေဗိမာန်)၊ ကလေးစာပေဆုတွင် **လက်ပံနီ** ရေးသားသည့် **မောင်မောင့်လွယ်အိတ်ကလေး ကလေးကဗျာများ**စာအုပ်(မေတ္တာရိပ်နန်းစာပေ)၊ လူငယ်စာပေဆုတွင် **မျိုးမင်းထိုက်** ရေးသားသည့် **ကျွန်တော်နှင့် ကျွန်တော့်ညီ ဖိုးချစ် အပိုင်း(၄)**စာအုပ်(အလင်းအိမ်မီဒီယာဂရုစာပေ)၊ ဘာသာပြန်(သုတ)စာပေတွင် **ရွှေအိုလတ်** ရေးသားသည့် **အဖေ့ဆီကအိပ်မက်များ**(Myanmar Heritage Publications စာပေ)၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် **ဒေါက်တာချိုချိုတင့်(မြန်မာစာ)** ရေးသားသည့် **မြန်မာပြောစကား စကားပန်းအိမ်**စာအုပ်(နိုင်ငံ့ဂုဏ်ရည်စာပေ)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ) ဆုတွင် **ဒေါက်တာမြင့်လွင်(စိတ်ပညာ)** ရေးသားသည့် **စိတ်ပညာနိဒါန်း(အပြုအမူနှင့် စိတ်ဖြစ်စဉ်များကို သိပ္ပံနည်းကျလေ့လာခြင်း အတွဲ ၁+၂)**စာအုပ် (ဆုရောင်စဉ်စာပေ)၊ သုတပဒေသာ(အသုံးချသိပ္ပံ)ဆုတွင် **ဒေါက်တာခင်မိုးမိုး** ရေးသားသည့် **အိမ်တွင်းသမားတော်**စာအုပ်(စွယ်စုံစာပေ)၊ ပြဇာတ်စာပေဆုတွင် **နေစိုးသော်** ရေးသားသည့် **မေတ္တာခြုံလုံစေသား**စာအုပ်(ကောင်းဆုသာစာပေ)၊ နိုင်ငံရေးစာပေဆုတွင် **ဒေါက်တာခင်မောင်လွင်** ရေးသားသည့် **မြန်မာ ၂၀၄၈** စာအုပ်(SMART စာပေ)၊ အင်္ဂလိပ်(သုတ)ဆုတွင် **Researcher Maung Han** ရေးသားသည့် **Significant Cultural Information about Pyu Ancient Cities** စာအုပ်(စာပေဗိမာန်)၊ အင်္ဂလိပ်(ရသ)ဆုတွင် **Dr. Myint Zan** ရေးသားသည့် **Glimpses of Myanmar and Myanmar-related Personages III** စာအုပ် (Myanmar Heritage Publications)၊ ရသစာတမ်းဆုတွင် **အရှင်သုမင်္ဂလ(စစ်ကိုင်း)**ရေးသားသည့် **ကျုံးတစ်ပတ်မြနန္ဒာ(မန္တလေးအခြေစိုက် ရသစာစုများ)**စာအုပ် (တီတူးခါးခါးစာပေ)တို့ကို ရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပါသည်။ အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ် သိန်း ၅၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၀ ဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက်ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်း ရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာဌာန တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉၊ ၀၆၇-၃၄၁၂၂၀၃ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅x၈)လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့် တကွ(ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း)ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္တုရှည်ဆုတွင် ပထမဆုကို **တက္ကသိုလ်မြမဉ္ဇူ၏ နေအဆင်းလအလင်း ချစ်ခြင်းဖြာဝေ ရနံ့သင်းပါစေ**၊ ဒုတိယဆုကို **ရဲမင်းစိုး၏ တောင်ခမ်းမြေမှာ ပွင့်ဝေလာသောပန်း** စာမူများက လည်းကောင်း၊ ဝတ္တုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို **ခင်လေးစိန်(ဘိုကလေး)၏ အရှေ့ဆီ ရောင်နီထွန်းပါလိမ့်နှင့် အခြားဝတ္တုတိုများ**၊ ဒုတိယဆုကို **စုမွန်(UFL)၏ အဖေ(သို့မဟုတ်)တုနှိုင်းမဲ့မေတ္တာစမ်းရေနှင့် အခြားဝတ္တုတိုများ**၊ တတိယဆုကို **မောင်နေခြည်(ပြည်)၏ ညမှောင်မိုက်မှာ လမင်းသာသော်နှင့် အခြားဝတ္တုတိုများ** စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို **နေခြည်မောင်(မြောင်းမြ)၏ မပြယ်သော ရနံ့ မတန့်သောအလင်းကဗျာများ**၊ ဒုတိယဆုကို **မိုးပွင့်သစ် (မန်းတောင်ရိပ်)၏ ရင်ဝှက်အလွမ်း ပန်းအိပ်မက်ကဗျာများ**၊ တတိယဆုကို **မောင်ယုလွင်(သပြေ)၏ အမွေးဆုံးနံ့သာ ကဗျာများ** စာမူများကလည်းကောင်း၊ သုတပဒေသာ(ဝိဇ္ဇာ) ဆုတွင် ပထမဆုကို **မောင်ငြိမ်းချမ်း(မြန်အောင်)၏ သွေးလှူ၊ သွေးကူ၊ သွေးယူ**၊ ဒုတိယဆုကို **မောင်သာ(ရှေးဟောင်းသုတေသန)၏ ကျောက်စာများပေါ်က ပုဂံပုံရိပ်များ**၊ တတိယဆုကို **ယဉ်ယဉ်မွန်(ရှေးဟောင်းသုတေသန)၏ ပင်းယခေတ်ကို ရှာဖွေလေ့လာခြင်း**စာမူများက လည်းကောင်း၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)ဆုတွင် ဒုတိယဆုကို **လှဆန်း(စိုက်ပညာရှင်)၏ မြန်မာ့လယ်ယာကဏ္ဍာဖွံ့ဖြိုးရေး စားဖိုဆောင်သီးနှံမျိုးစုံစိုက်ပျိုးရေး**၊ သုတပဒေသာ(အသုံးချသိပ္ပံ)ဆုတွင် ပထမဆုကို **ပန်းတနော် ခင်မောင်မြင့်၏ ကမ္ဘာ့ မြေရှားသတ္တု လောကနှင့် မြန်မာ့ မြေရှားသတ္တု**၊ ဒုတိယဆုကို **ကိုချစ်(ဓာတု)၏ ပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့ စွန့်ပစ်ရေကို သန့်စင်စို့**၊ တတိယဆုကို **ဒေါက်တာ နမြတ်သိဂီဦး၏ မေမှေ့သက်တံလေးနှင့် ရင်သွေးရရေး ဆေးပညာပေးဆောင်းပါးများ** စာမူများကလည်းကောင်း၊ စာပဒေသာဆုတွင် ပထမဆုကို **ကိုတူး(သာယာမြိုင်)၏ လေးရပ်ဝတီ ခရီးသည်**၊ ဒုတိယဆုကို **ကိုတိုး(ရန်ကင်း)၏ အမှတ်တရ တသသရင်မှာ ထာဝရ မြန်မာတေးအလှ**၊ တတိယဆုကို **ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)၏ န္တမ်းလျသော်လည်း ပန်းအလှလေးပွင့်ခဲ့သည်** စာမူများကလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် ဒုတိယဆုကို **ကျော်မျိုးနိုင်၏ ကျွန်တော်ထိစပ် ပတ်သက်ကျင်လည်ခဲ့ရသော မြန်မာ့ဆိုင်းလောက**၊ တတိယဆုကို **ဆလိုင်းတူးတူးမောင်၏ အရှိချင်းရိုးရာဓလေ့ထုံးစံများ** စာမူများက လည်းကောင်း၊ ကလေးစာပေဆုတွင် ပထမဆုကို **မြတ်မင်းသန့်၏ သားတို့ချစ်သည် မြန်မာပြည်နှင့် အခြားကဗျာများ**၊ ဒုတိယဆုကို **မင်းလပြည့်(ဟားခါး)၏ ဝါးယပ်တောင်လေးနှင့် အခြားဝတ္တုတိုများ**၊ တတိယဆုကို **ကျော့ဝင်း (မိုးညှင်း)၏ ပြည်ထောင်စု၏ ရင်သွေးငယ်နှင့် အခြားကလေးကဗျာများ** စာမူများက လည်းကောင်း၊ လူငယ်စာပေဆုတွင် ပထမဆုကို **မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ လူငယ့် ဂုဏ်ရည် စာပန်းချီ**၊ ဒုတိယဆုကို **အမောင်၏ သားအတွက် ပျားတစ်စက် ခွန်အားဖြည့်စာ**၊ တတိယဆုကို **ခင်ဇော်(သီတာကုန်းပြင်)၏ ဒူးထောက်လို့ အညှံမခံ နင်လားဟဲ့ လောကခံ** စာမူများကလည်းကောင်း၊ ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို **နေစိုးသော်၏ ပန်းပျိုးသူ**၊ တတိယဆုကို **သိန်းဇော်(ရွှေလီဦး)၏ တို့ဘိုးဘွားအမွေ မြေဆီမြေအနှစ်က ရတနာရွှေ တကယ်ဖြစ်ပြီ** စာမူများက လည်းကောင်း၊ ဘာသာပြန်(သုတ)ဆုတွင် ပထမဆုကို **ဆွေဇင်ညွန့် (မဟာဒဿန)၏ ဘုရားသခင်အလား လူသား (အနာဂတ်၏ သမိုင်းအကျဉ်းချုပ်)**စာမူကလည်းကောင်း၊ အင်္ဂလိပ်စာပေဆုတွင် ပထမဆုကို **Khin Maung Myint ၏ A Selection of My Articles** စာမူက လည်းကောင်း၊ ရသစာတမ်းဆုတွင် ပထမဆုကို **နိုင်ဆွေ(ခရမ်း)၏ ကျွန်တော်တို့ မြို့ကလေး ဖေဖေနှင့် နှစ် ၅၀ အပါအဝင် ရသစာတမ်းများ**၊ ဒုတိယဆုကို **မမမီ(ရန်ကုန်တက္ကသိုလ်)၏ ညများ၏ ရာဇဝင်နှင့် အခြားအက်ဆေးများ**၊ တတိယဆုကို **ပန်းသွန်းသွန်းခက်၏ နံနက်ခင်း အတွေးတစ်စနှင့် အခြားရသစာတမ်းများ** စာမူများက လည်းကောင်း ရရှိကြပါသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု သိန်း ၂၀၊ ဒုတိယဆု ၁၅ သိန်းနှင့် တတိယဆု ၁၀ သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုကို စာပေပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၅ ခုနှစ် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူအစောင် ၂၆၀ ကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ အတွင်း ရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာဌာန တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅x၈) လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ(ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း)ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် နေ့ရက်၊ အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၂၆) သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၆) ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒကွဏ်သီရိမြို့နယ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရှိ ညီလာခံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ ညီလာခံအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် (အငြိမ်းစား) နှင့် အဖွဲ့ဝင်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အသီးသီးမှ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ တန်းတူပြိုင်တူ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊ အမျိုးသား ကာကွယ်ရေးနှင့်လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် တာဝန်သိသိဖြင့် ပါဝင်ဆောင်ရွက်ရန်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စည်းလုံးညီညွတ်စွာဖြင့် အချင်းချင်းအပြန်အလှန် အကူအညီပေးရန်နှင့် နိုင်ငံတော်အကျိုးပြု လုပ်ငန်းများတွင် စုစည်းညီညွတ်စွာဖြင့် ပါဝင်ဆောင်ရွက်ရန်" ဆိုသည့် ရည်ရွယ်ချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စစ်မှုထမ်းဟောင်းအဖွဲ့များ၊ မြို့နယ်အဆင့် စစ်မှုထမ်းဟောင်းများ အဖွဲ့များနှင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၂၆) တွင် အမှာစကားပြောကြားစဉ်။

လွတ်လပ်ရေး ရပြီးချိန်မှစ၍ စစ်ပြန်စစ်မှုထမ်းအချို့သည် မိမိတို့၏ ဖြိုပြရပ်ရွာ ဒေသအသီးသီးတွင် စစ်မှုထမ်းဟောင်းအစုအဖွဲ့ လေးများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စုစည်းခဲ့ကြရာမှ ၁၉၈၉ ခုနှစ် တွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဥပဒေကို ပြဋ္ဌာန်းပြီး ခေတ်ကာလ အခြေအနေများနှင့် လိုက်လျောညီထွေရှိစေမည့် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်တာဝန် ဝတ္တရားများကို ချမှတ်ခဲ့ကြောင်း၊ အဆိုပါ ဥပဒေလုပ်ထုံးလုပ်နည်း များနှင့် တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်ရန် ရှိသင့်ရှိထိုက် သည့် ဖွဲ့စည်းပုံများကို ယနေ့ထက် တိုင် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း။

ဥပဒေ စည်းမျဉ်းများနှင့် စနစ်တကျ ဖွဲ့စည်းနိုင်ခဲ့ချိန်မှစ၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ညီလာခံနှင့် အထူးညီလာခံ များကို ၁၀ ကြိမ်တိုင်တိုင် ကျင်းပ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ညီလာခံမှတစ်ဆင့် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသူ များသည် ယခုအခါ ငါးနှစ် သက်တမ်းကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပြီးဖြစ်၍ အသစ် ရွေးချယ်တင်မြှောက်ခြင်း ခံထား ကြရသည့်ဗဟိုကောင်စီ၊ ဗဟို အမှုဆောင်အဖွဲ့များ၊ အမှုဆောင် အဖွဲ့အဆင့်ဆင့်တို့နှင့်အတူ မြန်မာ နိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး ၏ တာဝန်ဝတ္တရားများကို ဆက်လက်ထမ်းဆောင်သွားကြ တော့မည်ဖြစ်ကြောင်း၊ ရွေးချယ် တင်မြှောက်ခြင်းခံရသူ အားလုံး အတွက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူဖိုပါကြောင်းကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နာယက တစ်ဦးအနေဖြင့် ပြောကြားလို ကြောင်း။

တပ်မတော်သားများ သည် ဘီအိုင်အေခေတ်မှစ၍ မျိုးချစ်စိတ်၊ တိုင်းပြည်လွတ်လပ်ရေး ပြန်ရရန်ဆိုသည့် ကိုယ်ကျိုးမဖက် သည့် စိတ်ဓာတ်များဖြင့် တပ်မတော်သို့ ဝင်ရောက်ခဲ့ကြသူ များပင်ဖြစ်ကြောင်း၊ တပ်မတော် အင်အားကို ပြင်ဆင်ဖွဲ့စည်းရချိန် များတွင်လည်း အမိန့်နာခံပြီး စစ်သားကောင်းများဝိဝိ ပြုမူ ကျင့်ကြံခဲ့ကြကြောင်း၊ တိုင်းပြည် ကလိုအပ်လာ၍ ပြန်လည်စစ်မှု ထမ်းရန် ဆင့်ခေါ်လာချိန်များတွင် လည်းမည်သည့်အဆင့်၊ မည်သည့် ရာထူးမျိုးနှင့်မဆို ပြန်လည် ထမ်းဆောင်ရန် တပ်မတော်ထံသို့ နောက်တစ်ကြိမ် ပြန်လည် ဝင်ရောက်လာကြသည့် မှတ်တမ်း ကောင်းများကိုလည်း တွေ့ရှိရ ကြောင်း။ ၎င်းသည် "တစ်ခါ စစ်သားဖြစ်ဖူးရင် ထာဝရစစ်သား ပဲ" ဆိုသည့်စိတ်ဓာတ်ကို ပြသ ခြင်းဖြစ်ကြောင်း။

ယနေ့ခေတ် ကာလများတွင် လည်း တပ်မတော်သားစစ်မှုထမ်း ဟောင်းများအနေဖြင့် စစ်မှုထမ်း ဟောင်းအဖွဲ့ကြီးက ချမှတ်ထား သည့် ရည်ရွယ်ချက်များနှင့် ရှေ့ လုပ်ငန်းစဉ်များကို မိမိတို့ကျရာ တာဝန်များအလိုက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိ ရကြောင်း၊ ဗဟိုအမှုဆောင်အဖွဲ့က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် အမျိုးသားနိုင်ငံရေးလုပ်ငန်း၊ နိုင်ငံ တော်ကာကွယ်ရေးနှင့် လုံခြုံရေး လုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ လူမှု ရေးလုပ်ငန်းများနှင့် သက်သာ ချောင်ချိရေးလုပ်ငန်း ပြည်သူ့ အကျိုးပြုလုပ်ငန်း စသည့်ကဏ္ဍ များအပေါ်တွင် အမှုဆောင် အဆင့်ဆင့်မှ အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပြီး အောင်မြင်မှုများ ရရှိနေသည်ကို တွေ့ရသည့်အတွက် ရရှိပြီးသား အရှိန်ကောင်းများ ဆက်လက် ရှင်သန်နေအောင် ကြိုးပမ်းသွား ကြရန် တိုက်တွန်းမှာကြား လိုကြောင်း။

စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ သည် တပ်မတော်၏ အရန် အင်အားများဖြစ်သည်နှင့် အညီ ပြည်သူ့ စစ်မဟာဗျူဟာကို အကောင်အထည်ဖော်သည့် အခါ တွင် ပြည်သူလူထုနှင့် နီးနီးကပ်ကပ် ထိတွေ့ ဆက်ဆံနေကြသူများ ဖြစ်ခြင်းကြောင့် ပြည်သူနှင့် တပ်မတော်ကြားတွင် ခိုင်မာသည့် ပေါင်းကူးတစ်ခုအဖြစ် တည် ဆောက်နိုင်စွမ်းရှိအောင် ကြိုးစား သွားကြရန်မှာကြားလိုကြောင်း။

ရဲဘော်စိတ်ဆိုသည်မှာ "သေတူ ရှင်ဖက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်းကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာ ကုန်း၍ ရုန်းကြလေ" ဆိုသည့် လင်္ကာနှင့်အညီ တာဝန်ထမ်းဆောင် နေဆဲ တပ်မတော်သားများ၊ ကျန်းမာရေးနှင့် အသက်အရွယ် အရ အငြိမ်းစားယူသွားကြရသည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ အတွက်ပါ ထာဝရရှင်သန်နေသည့် အဆုံးအမတစ်ခုပင် ဖြစ်ကြောင်း၊ မည်သည့်အချိန်အခါ၊ မည်သည့် နေရာကိုပင်ရောက်ရောက် ရဲဘော် စိတ်ဆိုသည့် သံယောဇဉ်တရား၊ မေတ္တာတရား၊ သစ္စာစောင့်သိမှု တရားများက ရည်မှန်းချက်တာဝန် များကို အောင်မြင်ပြီးမြောက်စေ ခြင်း၏ အခြေခံအကြောင်းတရား များပင်ဖြစ်ကြောင်း၊ မိမိတို့၏ ကာယ၊ ဉာဏ အစဉ်ကြွံခိုင် တောင့်တင်းမှုများသည် တိုင်းပြည် အတွက် အင်အားများပင်ဖြစ်သည် ကို နားလည်သိရှိထားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့အနေဖြင့် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင် အဖြစ် ထဲထဲဝင်ဝင်ပူးပေါင်းပါဝင် ဆောင်ရွက်လျက် ရှိကြောင်းနှင့် လုပ်ငန်း ဆောင်တာများသည် စစ်မှုထမ်းဟောင်းရေးရာ များ အပြင် အာဆီယံအဖွဲ့ကြီး၏ လုံခြုံ ရေး၊ သဘာဝဘေးကယ်ဆယ်ရေး၊ လူမှုရေး၊ စီးပွားရေး အသိုက်အဝန်း များတွင် ဆက်စပ်ဆောင်ရွက်နေ သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ စစ်မှုထမ်း ဟောင်းအဖွဲ့ကြီး အနေဖြင့် အာဆီယံနိုင်ငံများ စစ်မှုထမ်း ဟောင်းအဖွဲ့ကြီးမှတစ်ဆင့် ဒေသ တွင်း နိုင်ငံတကာအသိုင်းအဝိုင်း များကြား မိမိနိုင်ငံ၏ဂုဏ်ဒြပ်ကို ဖော်ထုတ်ပြသခြင်းဖြင့် နိုင်ငံတော် အစိုးရ၏ ပြည်ပနိုင်ငံတကာ ဆက်ဆံရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ဆောင် ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခုအခါ တပ်မတော်က အငြိမ်းစားယူသည့် အရာရှိ/ စစ်သည်များအတွက် စစ်မှုထမ်း ဟောင်းအိမ်ရာများ ဆောက်လုပ် ပေးရာတွင် အဆင်သင့်နေထိုင်နိုင် ရေးအတွက် ပရိဘောဂများကိုပါ ထည့်သွင်းဖြည့်တင်းပေးလျက်ရှိ ကြောင်း၊ ထို့အပြင် အမှန်တကယ် နှစ်နာမှုများနှင့်ကြုံရပြီး အမှီအခို လိုအပ်လျက်ရှိနေသည့် စစ်မှုထမ်း ဟောင်းများနှင့် မိသားစုဝင်များကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ နှစ်စဉ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင် ခဲ့ကြသူများကို တပ်မတော်အစီ အစဉ်ဖြင့် ဂုဏ်ပြုချီးမြှင့်မှုများ ပေးအပ်ရာတွင်လည်း စစ်မှုထမ်း ဟောင်း မိသားစုဝင်များ၏ သားသမီးများကိုပါ နှစ်စဉ်ဂုဏ်ပြု ဆုများ ပေးအပ်လျက်ရှိကြောင်း၊ တပ်မတော်အကြီးအကဲ အစဉ် အဆက်အနေဖြင့် စစ်မှုထမ်း ဟောင်း တပ်ဖွဲ့ဝင်များအပေါ်တွင် အစဉ်အသိအမှတ်ပြု လေးစား တန်ဖိုးထားလျက်ရှိပြီး အကြီး အကဲများကိုယ်တိုင် "တစ်ခါ စစ်သား ထာဝရစစ်သား" ဆိုသည့် စကားတစ်ခွန်းကို နှလုံးသွင်းထား ကြသည့်အတွက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအနေဖြင့် တပ်မတော် သားတစ်ဦး၏သစ္စာကို ထာဝရ စောင့်သိလိုက်နာ ထိန်းသိမ်းသွား ကြရန်လိုကြောင်း။

တပ်မတော်သားဟောင်းများ သည် တပ်မတော်၏ အစဉ်အလာ ကောင်းများကို ထာဝစဉ်ထိန်းသိမ်း သကဲ့သို့ စစ်မှုထမ်းဟောင်းအဖွဲ့ ကြီး၏ ကောင်းမွန်သည့် ဂုဏ် သိက္ခာများကိုလည်း ဆက်လက် စောင့်ထိန်းသွားကြရန်၊ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံ ရေးလုပ်ငန်းများတွင် တပ်မတော် ၏ အရန်အင်အားအဖြစ် ခိုင်ခိုင် မာမာ ရပ်တည်သွားကြရန်၊ ချမှတ် ထားသည့် ရှေ့လုပ်ငန်းစဉ် ၇ ရပ် နှင့် လုပ်ငန်းကဏ္ဍကြီး ၅ ရပ်ကို ဆင့်ကဲဆင့်ကဲ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နှင့် အောင်မြင် အောင် အကောင်အထည်ဖော် ဆောင်ရွက်ရင်း ပြည်သူနှင့် တပ်မတော်အကြား ခိုင်မာသည့် ပေါင်းကူးအဖြစ် နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းစဉ်များ တွင် နိုင်ငံတော်အစိုးရ၊ တပ်မတော် နှင့်အတူ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ဝိုင်းဝန်းကြိုးစားသွားကြ ရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှု ထမ်းဟောင်းအဖွဲ့ ဗဟိုအမှု ဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့် (အငြိမ်းစား) က မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များ၊ အသက် ၇၅ နှစ်နှင့် အထက် အသက်အပိုင်းအခြား အလိုက် စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များနှင့် ၂၀၂၆-၂၀၂၇ ပညာသင် နှစ်အတွက် အဆင့်မြင့်တက္ကသိုလ် ပညာသင်ဆု ရရှိသူများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့် သည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှု ထမ်းဟောင်းအဖွဲ့ နာယက တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ်သည် အခမ်းအနား တက်ရောက်လာကြသည့် စစ်မှု ထမ်းဟောင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် သည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှု ထမ်းဟောင်းအဖွဲ့ နာယက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သည် အခမ်းအနားတက်ရောက် လာကြသည့် မြန်မာနိုင်ငံ စစ်မှု ထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင် အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ နှင့်အတူ မှတ်တမ်းတင် စုပေါင်း ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပသည့် နှမ်းသီးနှံဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အားပေး

မန္တလေး နိုဝင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး ဦးလှမျိုးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီတို့ ပူးပေါင်း၍ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပသည့် နှမ်းသီးနှံဖွံ့ဖြိုးရေးကို ထုတ်လုပ်မှုပမာဏတိုးတက်ရေးအပြင် မျိုးစေ့မှစ၍ကွက်အထိ တန်ဖိုးကွင်းဆက်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲသို့ ယနေ့မွန်းလွဲပိုင်းက တက်ရောက်အားပေးခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် မိတ္ထီလာခရိုင်၊ အောင်မြေသာစံခရိုင်၊ အမရပူရခရိုင်၊ ကျောက်ဆည်ခရိုင်၊ တံတားဦးခရိုင်၊ ရမည်းသင်းခရိုင်နှင့် ညောင်ဦး ခရိုင်တို့မှ နှမ်းသီးနှံစိုက်ပျိုးတောင်သူများက မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေစနစ်တကျ သုံးစွဲ ရေး၊ နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းများကို ကဏ္ဍများ အလိုက် အုပ်စုများဖြင့် အတွေ့အကြုံများ၊ နည်းပညာများနှင့် အကြံပြု ချက်များကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့သည်။

ထို့နောက် ဆွေးနွေးချက်ရလဒ်များကို ရှင်းလင်းတင်ပြကြရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ပပဝင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက တောင်သူများ လိုက်နာဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များနှင့် သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ပေးမည့်အစီအမံများကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့သည်။



အဆိုပါဆွေးနွေးပွဲ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေး တင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် အမှာစကား ပြောကြားရာတွင် နှမ်းအထွက်နှုန်းတိုးတက်ရေးကို အလေးထား ဆောင်ရွက်သည့်နေရာတွင် ဒေသနှင့်ကိုက်ညီသော မျိုးကောင်း မျိုးသန့်များ ရရှိအသုံးပြုနိုင်ရေး၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်ရေး၊ မြေဩဇာအသုံးပြုမှု၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် ရိတ်သိမ်း နည်းစနစ်များကို မှန်ကန်စွာ အသုံးချနိုင်ရေးတို့သည် အဓိကကျ ပါကြောင်း၊ ယခုလို တောင်သူဗဟိုပြုပြီး ဆောင်ရွက်သည့် အလုပ်ရုံ ဆွေးနွေးပွဲများမှ ရလဒ်များအပေါ်မူတည်ပြီး အားသာချက်များကို ထိန်းသိမ်းဆောင်ရွက်၍ အားနည်းချက်များကို အားသာချက်အဖြစ် ပြောင်းလဲကာ လက်တွေ့အကောင်အထည်ဖော်ခြင်းများကို ထိရောက် အောင်မြင်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လိုအပ် သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး တောင်သူများ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း လေးစားလိုက်နာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် နှမ်းသီးနှံဖွံ့ဖြိုးတိုးတက် ရေးအတွက် အားလုံးပိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

o-o-o-o-o

စဉ်ကူးမြို့နယ်တွင် လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံစေရန် လူငယ်စကားပိုင်းကျင်းပ

စဉ်ကူး နိုဝင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ စဉ်ကူးမြို့နယ်တွင် လူငယ်များ ဗလငါးတန်ဖြင့် ပြည့်စုံစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားပိုင်းကို ယနေ့မွန်းလွဲ ၁ နာရီက စဉ်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စဉ်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလွင်က "လူငယ်များ ဗလငါးတန်ဖြင့် ပြည့်စုံစေပြီး အသိပညာဗဟုသုတတိုးပွားစေရန်၊ နှုတ်မှုစွမ်းရည် တိုးတက်စေရန်၊ လူငယ်များအချင်းချင်း အသိပညာ အတတ်ပညာများ ဖလှယ်နိုင်စေရန်၊ ပူးပေါင်းဆောင်ရွက် တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ရင့်သန်လာစေရန်" စသည့်ရည်ရွယ်ချက်များဖြင့် လူငယ်စကားပိုင်းကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားပိုင်းကို ဆက်လက်ကျင်းပခဲ့ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်နုက ဆောင်ရွက်ခဲ့ပြီး Grade-11 မှ မရတီလင်းလက်က လူငယ်နှင့်နည်းပညာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 မှ ကျောင်းသား၊ ကျောင်းသူများဖြစ်သော မသွန်းစက်ရတီအောင်က လူငယ်နှင့် ရည်မှန်းချက်၊ မောင်အောင်ဘိုဘိုနိုင်က လူငယ်နှင့် စာဖတ်ခြင်း၊ မမို့မို့ခေါ်က လူငယ်နှင့်စည်းကမ်း၊ မချစ်စုဝေက လူငယ်နှင့် ယဉ်ကျေးမှုစသည့် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြသည်။ **(အောက်ဝဲပုံ)**

ထို့နောက် အ.ထ.က (စဉ်ကူး)မှ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုဇာလွင်က ကျေးဇူးတင်စကားပြောကြားခဲ့ပြီး လူငယ်စကားပိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား စဉ်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်ဇာလွင်(ပြန်/ဆက်)



သတင်းစာဆရာကြီး နတ်မောက်ထွန်းရှိန်၏ အမှတ်တရဂုဏ်ပြုစာအုပ် နိဝင်ဘာ ၃၀ ရက်တွင် ပြန့်ပျိုမည်

မန္တလေး နိုဝင်ဘာ ၂၇

သတင်းစာဆရာ၊ စာရေးဆရာနှင့် သမိုင်းသုတေသီ ဆရာကြီး နတ်မောက် ထွန်းရှိန် (၁၉၃၈-၂၀၁၉)၏ ဘဝဖြတ်သန်းမှုမှတ်တမ်းများ၊ စာပေနှင့် သတင်းစာပညာဆိုင်ရာ လုပ်ဆောင်မှုများ၊ ဂုဏ်ပြုအမှတ်တရ စာစုများကို စုစည်းထားသည့် အမှတ်တရ ဂုဏ်ပြုစာအုပ်ကို ၂၀၂၆ ခုနှစ်၊ နိဝင်ဘာ ၃၀ ရက်တွင် ထုတ်ဝေသွားမည်ဖြစ်သည်။



အဆိုပါစာအုပ်ကို ရဟန်း စာဆို တက္ကသိုလ်တောင်ငူနှင့် အယ်ဒီတာအဖွဲ့က စုစည်းပြုစုထားခြင်းဖြစ်ပြီး ဆရာကြီး၏ ဘဝဖြတ်သန်းမှု၊ စာပေနှင့် သတင်းစာပညာနယ်ပယ်တွင် ကြိုးပမ်းဆောင် ရွက်ခဲ့မှုများ၊ ဂုဏ်ပြုအမှတ်တရစာစုများနှင့် အမှတ်တရဓာတ်ပုံများပါဝင်သည်။

ဆရာကြီး နတ်မောက် ထွန်းရှိန်ကို ဂုဏ်ပြုမှတ်တမ်း တင်ရန် မဂ္ဂဇင်းပြုစုရေးလုပ်ငန်း ကို ၂၀၂၄ ခုနှစ်တွင် စတင်ခဲ့ခြင်း ဖြစ်ပြီး ၂၀၂၆ ခုနှစ်တွင် စာမျက်နှာပေါင်း ၅၉၂ မျက်နှာအထိ ပါဝင်သည့် မဂ္ဂဇင်းအဖြစ် ပြုစုနိုင်ခဲ့သည်။ ယင်းတွင် တစ်ရောင်တည်းပုံနှိပ်သည့် ဝမ်းဗီ ၆၈ ဖောင်၊ စာမျက်နှာ ၅၄၄ မျက်နှာနှင့် ရောင်စုံပုံနှိပ်သည့် ဖိုးစီ ခြောက် ဖောင်၊ စာမျက်နှာ ၄၈ မျက်နှာ ပါဝင်ကြောင်း သိရသည်။

ထို့ပြင် မဂ္ဂဇင်းပြုစုရေး လုပ်ငန်းစဉ်များကို မော်ဘွတ်ခ် ပေါ်တွင် မှတ်တမ်းအဖြစ် ရေးသားခဲ့ရာမှ အဆိုပါမှတ်တမ်း များကို ပြန်လည်စုစည်းပြီး ဓာတ်ပုံများဖြင့် ဖြည့်စွက်တင်ဆက်ခဲ့ရာ စာမျက်နှာ ၃၀ ရှိသည့် အမှတ်တရမှတ်တမ်းတစ်ခုလည်း ထည့်သွင်းနိုင်ခဲ့ကြောင်း မဂ္ဂဇင်းစီစဉ်သူ တက္ကသိုလ်တောင်ငူက ရေးသားထားသည်။

ဆရာကြီး နတ်မောက်ထွန်း ရှိန်ကို ၁၉၃၈ ခုနှစ်၊ နိဝင်ဘာ ၁၃ ရက်တွင် မကွေးတိုင်းဒေသ ကြီး၊ နတ်မောက်မြို့နယ်၊ ဘော်အိုင်ကျေးရွာ၌ မွေးဖွားခဲ့ပြီး အမည်ရင်းမှာ ဦးထွန်းရှိန်ဖြစ် သည်။ ဆရာကြီးသည် လူထု သတင်းစာ၊ လုပ်သားပြည်သူ့ နေ့စဉ်နှင့် ဟံသာဝတီသတင်းစာတို့တွင် သတင်းထောက်၊ အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့်အပြင် မန္တလေးနေ့စဉ် သတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ မန္တလေးမြို့၏သမိုင်း၊ ယဉ်ကျေးမှုနှင့် အနုပညာအမွေအနှစ်များကို အလေးထားလေ့လာရေးသားခဲ့သည့် ဆရာကြီးသည် "ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည်" စာအုပ်ဖြင့် ၂၀၁၁ ခုနှစ် အမျိုးသားစာပေဆုကို ရရှိခဲ့သည်။

ထို့ပြင် "ရတနာပုံ မန္တလေးခေတ် နိပါတ်ပန်းချီကျော်များနှင့် နိပါတ်ပန်းချီလက်ရာများ" စာအုပ်ဖြင့် ၂၀၁၁ ခုနှစ် အမျိုးသားစာပေဆုနှင့် ၂၀၁၄ ခုနှစ် ထွန်းဖောင်ဒေးရှင်း စာပေဆုတို့ကို ရရှိခဲ့သည်။ ဆရာကြီးသည် ဆောင်းပါးပေါင်း ၁၀၀၀ ကျော်နှင့် စာအုပ် ၁၇ အုပ် ရေးသား ထုတ်ဝေခဲ့ပြီး ၂၀၁၉ ခုနှစ်၊ နိဝင်ဘာ ၃၀ ရက်တွင် ကွယ်လွန်ခဲ့သည်။

အဆိုပါ အမှတ်တရဂုဏ်ပြုစာအုပ်ကို ရွှေလမ်းသစ်စာပေမှ တန်ဖိုးငွေကျပ် ၆၀,၀၀၀ ဖြင့် ဖြန့်ချိသွားမည်ဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးသို့ အိမ်အရောက်ငွေချေစနစ်ဖြင့် မှာယူရရှိနိုင်မည် ဖြစ်ကြောင်း သိရသည်။ **ရွှေမန်း**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၈) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံသား တိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈) သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်း အသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများ အလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ ပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)မှသင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)မှ သင်တန်းသားများကို ကြံခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၈)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

အင်တာဗျူး(၁)

ကျွန်တော် ဝင်ရောက်လာတဲ့ ရည်ရွယ်ချက်ကတော့ တိုင်းပြည်နဲ့ လူမျိုးကို ကာကွယ်စောင့်ရှောက်ချင်တဲ့အတွက် ကိုယ့်ဆန္ဒနဲ့ ကိုယ် ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်ရရှိတဲ့ ဆုကတော့ ချေမှုန်းရေးအကောင်းဆုံး ဆုဖြစ်ပါတယ်။ ကျွန်တော်တို့ သင်တန်းသားတွေ စည်းလုံးမှုရမှာပါ။ ကိုယ်စီအားလုံးဆိုတာ အစုလိုက် အဖွဲ့လိုက် စုဖွဲ့ပြီးမှ ညီညီညွတ်ညွတ်နဲ့ လုပ်ရတဲ့ လုပ်ဆောင်ချက် ဖြစ်တဲ့အတွက် အကုန်လုံး စည်းလုံးပြီးမှ ဒီဆုကို ကျွန်တော်ရရှိခဲ့ပါတယ်။ အရပ်သားဘဝနဲ့ စစ်သားဘဝ ကွာခြားချက်ကတော့ စောစောထရတာတွေ၊ အိပ်ရာခင်းတွေ စည်းစနစ်တကျခေါက်ရတာတွေ၊ လေ့ကျင့်ခန်းတွေ စည်းစနစ်တကျ လုပ်ရတာတွေ၊ မနက်စောစောစီးစီး PT ပြေးရတာတွေ၊ ဆရာတွေ ခိုင်းတာတွေ တစ်သဝေမတိမ်း လိုက်နာရပါတယ်။ သင်တန်းဆင်းသွားပြီဆိုတော့ နိုင်ငံတော်အတွက် ကိုယ့်ဘက်ကနေ တတ်စွမ်းသလောက် ကျေပွန်အောင် ထမ်းဆောင်သွားပါမယ်။ ပြည်သူ့စစ်မှုထမ်းဆိုတာ နိုင်ငံသားတိုင်း တာဝန်ရှိတဲ့အတွက် မကြောက် မရွံ့ မပျက်မကွက်ဘဲ လာရောက် ထမ်းဆောင်ကြဖို့ ဖိတ်ခေါ်ပါတယ်။

အင်တာဗျူး(၂)

ကျွန်တော့် တပ်စိတ်အနေနဲ့ ဒီသင်တန်းမှာ ချေမှုန်းရေး အကောင်းဆုံးဆုကို ရရှိခဲ့ပါတယ်။ အဖွဲ့အစည်းစိတ်ဓာတ်နဲ့ အခြားစိတ်ဓာတ်တွေ အကောင်းဆုံး ကျော်ဖြတ်ပြီးတော့ ကြိုးစားခဲ့ရပါတယ်။ အပြင်နဲ့မတူတဲ့ အတွေ့အကြုံတွေ အများကြီးရခဲ့ပါတယ်။ အိမ်မှာ နေတုန်းကဆိုရင်တော့ ထမင်းဆိုလည်း ကြိုက်တဲ့အချိန်မှာစားတယ်။ ဒီမှာတော့ စည်းနဲ့ကမ်းနဲ့ အရာအားလုံးကို စည်းစနစ်တကျနဲ့သွားတဲ့ အတွေ့အကြုံတွေ အများကြီးရခဲ့ပါတယ်။ သင်တန်းတက်တဲ့ ကာလကနေ စပြီးတော့ အတူသွား အတူလာပြီး အတူစားခဲ့တာ အကုန်လုံး ညီအစ်ကိုလိုပဲ ပေါင်းသင်းခဲ့တဲ့ သူငယ်ချင်းတွေ ဖြစ်တဲ့အတွက် သူငယ်ချင်းလိုတော့ မဟုတ်တော့ပါဘူး။ ညီအစ်ကိုတွေ ဖြစ်သွားပြီ။ ကျွန်တော် အခုသင်တန်းကာလပြီးဆုံးသွားပြီဆိုတော့ တာဝန်ကျတဲ့ မိခင်တပ်ရင်းရောက်ရင် တော့ သင်တန်းက သင်ကြားပေးလိုက်တဲ့အသိပညာ၊ အတတ်ပညာတွေကို အကောင်းဆုံး အသုံးချပြီး စစ်သားကောင်း တစ်ယောက်ပြီးသစ္စာနဲ့ နေထိုင်ပြီး တာဝန်ထမ်းဆောင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့ ဥပဒေကိုလည်း လိုက်နာပြီး နိုင်ငံ့တာဝန်ကျေပွန်အောင် ထမ်းဆောင်ဖို့အတွက် နောင်လာမယ့် ညီအစ်ကိုတွေကိုလည်း မှာကြားလိုပါတယ်။

သတင်းစဉ်







အင်တာဗျူး(၁)



အင်တာဗျူး(၂)

❖ သံဖြူဇရပ်မြို့နယ်မှ

အဆိုပါ ပင်ဆားကွင်းအတွင်း ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများအသုံးပြု၍ အဆင့်မီ နေလှန်းဆား ထုတ်လုပ်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ ဆားကွင်းပြုပြင်ခြင်း၊ နေလှန်းအခြောက်ခံခြင်းနှင့် ဆားကြမ်းထွက်ရှိသည်အထိ အဆင့်ဆင့် ထုတ်လုပ်နေမှုလုပ်ငန်းစဉ်များကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆားလုပ်ငန်းရှင်များက လက်ရှိဆားထုတ်လုပ်မှုအခြေအနေနှင့် ခေတ်မီစက်ကိရိယာများတပ်ဆင်အသုံးပြုနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒေသခံဆားလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဆားလုပ်ငန်းရှင်များက လက်ရှိလုပ်ငန်းခွင်အတွင်း ကြုံတွေ့နေရသည့် ကိစ္စရပ်များနှင့် ထွက်ရှိလာသောဆားများကို ပြည်တွင်းစျေးကွက်သို့ ဖြန့်ဖြူးတင်ပို့နေမှု အခြေအနေများကို တင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် အကြံပြုဖြည့်စွက်ဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အဓိကဆားထုတ်လုပ်ရာ ဒေသကြီးတစ်ခုဖြစ်ပြီး ဒေသတွင်း စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် များစွာအရေးပါကြောင်း၊ ဆားထုတ်လုပ်မှု နည်းလမ်းများမှတစ်ဆင့် ခေတ်မီနည်းပညာနှင့် စက်ကိရိယာများကို ထိရောက်စွာ ပေါင်းစပ်အသုံးပြုခြင်းဖြင့် လုပ်အားနှင့် အချိန်ကုန်သက်သာစေမည့်အပြင် နိုင်ငံတကာအဆင့်မီ သန့်ရှင်းသပ်ရပ်ပြီး အရည်အသွေးပိုမိုကောင်းမွန်သည့် အိုင်အိုဒင်းဆားနှင့် စက်မှုကုန်ကြမ်းသုံးဆားများကို တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပစျေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ဒေသခံဆားလုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့် လိုအပ်ချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊ ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရံမှ၊ သဏ္ဌာန်လှပ၊ ပန်ရလိမ့်။

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့မှ အဖွဲ့ဝင် ၂၈ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံ

နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင် လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေ ဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ PDF အဖွဲ့မှ အမျိုးသား ၂၆ ဦးနှင့် အမျိုး သမီး နှစ်ဦး စုစုပေါင်း ၂၈ ဦးတို့ သည် လက်နက်၊ ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် PDF အဖွဲ့ဝင်များအား မိဘ အုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက် ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာန ချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ် ရာတိုင်းမှူးဗိုလ်ချုပ်စိုးကျော်ထက် နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့သူများ နှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူ များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက်



ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသည့် ပဲခူးတိုင်း ဒေသကြီး ညောင်လေးပင်မြို့မှ အမျိုးသား သုံးဦး၊ အုတ်ဖိုမြို့မှ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး နှစ်ဦး၊ တောင်ငူမြို့မှ အမျိုးသား တစ်ဦး၊ ဖြူးမြို့မှ အမျိုးသား တစ်ဦး၊ ရေတာရှည်မြို့မှ အမျိုးသားလေးဦး၊ ပေါင်းတည်မြို့မှ အမျိုးသား တစ်ဦး၊ ထန်းတပင်မြို့မှ အမျိုးသား သုံးဦး စုစုပေါင်း ၂၈ ဦးတို့သည် ၎င်းတို့နှင့် အတူပါရှိလာသည့် AK-47 သေနတ် တစ်လက်၊ M4 သေနတ် တစ်လက်၊ အမ်အေ-၂ သေနတ် တစ်လက်၊ အမ်အေ-၁၁ သေနတ် တစ်လက်၊ လက်လုပ်သေနတ် နှစ်လက်၊ လက်ပစ်ဗုံး ငါးလုံး၊ ကျည်အိမ် ၁၃ ခု၊ ကျည်မျိုးစုံ အတောင့် ၂၃၀၊ ရှေ့ထွက်မိုင်း တစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင် အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်းဖယ် လေးလက် အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၀၊ လက်လုပ်သေနတ် နှစ်လက် အတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊ လက်ပစ်ဗုံး ငါးလုံးအတွက် ဆုကြေး ငွေကျပ် ၁၅ သိန်း၊ ရှေ့ထွက်မိုင်း တစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ ၂၈ ဦး အတွက် ဆုကြေးငွေကျပ် ၂၈ သိန်း နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ ကိုယ်စား ကိုယ်စားလှယ် တစ်ဦးက ကျေးဇူးတင်စကား ပြောကြား သည်။ ထို့နောက် ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လာ ကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘ အုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်း အပ်နှံပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန် ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများ နှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ အား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း သို့ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူ များဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အကြမ်း ဖက်လုပ်ရပ်များကို လက်မခံနိုင် တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ ပင် အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်း ဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင် တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျ ဆင်းလာခြင်းတို့အပြင် နိုင်ငံတော် နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည် လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ ကြောင့် နှစ်နာဆုံးရှုံးမှုများဖြစ်ပေါ် ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူ လူထုအတွက် ပြန်လည်အကျိုးပြု လိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အားစွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများ အား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်း သူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင် အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေး ကြောင်း သိရသည်။ ထိုသို့ ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့ လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများ အတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရ သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



စိတ်ဆိုးပြီးတော့လိုက်သွားမိခဲ့တာ

အလင်းဝင်(၁)

အမေနဲ့ စိတ်ဆိုးပြီးတော့ လိုက်သွားဖြစ်တာ အိမ်လည်း မပြန် ရဲတော့တာနဲ့ အဲဒီထဲပဲ ဝင်လိုက် တော့မယ်ဆိုပြီး ဝင်လိုက်တာနံနက် မိုးလင်းလာရင် ဖက်ထိပ်လုပ်ရ တယ်၊ သန့်ရှင်းရေးလုပ်ရတယ်၊ ထမင်းချက်ရတယ်၊ မိန်းကလေး က မရှိဘူး။ လေးယောက်ထဲ နှစ်ယောက်က အချုပ်ကျနေတာ ထွက်ပြေးလို့ ပြန်မိသွားတာ။ သူတို့တွေက အပြစ်မရှိဘဲ အပြစ် ရှာပြီးတော့ ရိုက်တယ်၊ ပြောတယ်၊ ဆိုတယ်၊ ဆူတယ်၊ ဘယ်လိုမှမခံ နိုင်တာနဲ့ သူငယ်ချင်း နှစ်ယောက် တိုင်ပင်ပြီးတော့ ဒီထဲကိုဝင်လာ တာ။ မင်းတို့ထွက်ပြေးလို့ အလင်း ဝင်ရင် မင်းတို့မိဘတွေကိုသတ်ပစ် မယ်တဲ့ အဲဒီလို ခြိမ်းခြောက်တော့ ကျွန်မတို့က ကြောက်တာပေါ့။ မိဘတွေနဲ့ ဝေးနေရတဲ့အချိန် ကြိတ်ပြီးတော့ ငိုရတယ်။ အပြင် ထုတ်ပြီးတော့လည်း ငိုခွင့်မရှိဘူး လေ။ အခုလို ပြန်လာရတာတော့ အရမ်းပျော်တယ်။ သူငယ်ချင်းတွေ လည်းအများကြီး ကျန်ခဲ့တယ်။ အဖွဲ့ထဲမှာ သူငယ်ချင်းတွေကို ကျန်မတို့လိုပဲ အေးအေးချမ်းချမ်း နေစေချင်တယ်။ အဲဒါကြောင့်ဖို့ ဒီထဲကိုလာခဲ့ပါလို့ ပြောချင်ပါ တယ်။



အလင်းဝင်(၂)

အချင်းချင်းနေရာတွေကို ယူချင် တဲ့စိတ်တွေက များနေတော့ ဒါတွေက ပဋိပက္ခတွေ သူတို့ အချင်းချင်းဖြစ်နေတဲ့ အတွက် ကြောင့် စည်းရုံးလည်း မအောင် နိုင်ဘူး။ အဲဒါကြောင့် ကျွန်တော် လည်း မနေတာဘဲကောင်းတယ် ဆိုပြီးတော့ ဒီဘက်ကို အလင်း ဝင်လာတာပါ။ ပထမက ကျွန်တော် လည်း လိုင်းပေါ်တွေမှာ ကြည့်တာ ပေါ့။ သတင်းအမှားတွေ လွှင့်တာ။ အလင်းဝင်ရင်မင်းတို့ ကောင်တွေ ကို သတ်မှာ။ လက်သည်းခွာမှာ တွေ ခြိမ်းခြောက်တာပေါ့။ နောက်ပိုင်းသတင်းက လှမ်းကြား တာ မင်းတို့သေသွားပြီတဲ့ အဲဒီလို သတင်းလွှင့်တယ်။ ကျန်နေတဲ့ သူငယ်ချင်းတွေအားလုံးကို အလင်း ဝင်စေချင်တယ်။ ကိုယ့်မိဘသားစုနဲ့ လည်း နွေးနွေးထွေးထွေး ပြန်နေ ရမယ်။ ကောင်းကောင်းမွန်မွန်နဲ့ လုပ်ကိုင် စားသောက်ရမယ်။ နွေးထွေးစွာနဲ့ အကုန်လုံးကြိုဆို တဲ့အတွက်ကြောင့်လည်း အများကြီး ကျေးဇူးတင်တယ်။ လက်နက်ချ အလင်းဝင်ပြီးတော့ အကုန်လုံး ပေါင်းစည်းလိုက်ကြမယ်ဆိုရင် ပိုပြီးတော့ ကောင်းမယ်လို့ထင် တယ်။ အဲဒါမှလည်း အကုန်လုံး ငြိမ်းချမ်းကြမယ်လို့ထင်တယ်။

သတင်းစဉ်

ကျောင်းသား၊ ကျောင်းသူများအား ကျောင်းကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသိပညာပေး

မန္တလေး နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံကြက်ခြေနီအသင်း မန္တလေးလျင်ကြီးကယ်ဆယ် ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများရုံးမှ ဝန်ထမ်းများ၊ စစ်ကိုင်းမြို့နယ် ကြက်ခြေနီ အသင်းခွဲမှ ကြက်ခြေနီစေတနာ လုပ်အားရှင်များက ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေး အသိပညာတိုးပွားလာစေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သော အလေ့ကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ကျောင်းကျန်းမာရေး နှင့် ရေနှင့်ပတ်သက်ကျင့်၊ တစ်ကိုယ် ရေသန့်ရှင်းရေး အသိပညာပေး ခြင်းကို နိုဝင်ဘာ ၂၅ ရက်က စစ်ကိုင်းမြို့ အခြေခံပညာကျောင်း များတွင် ဆောင်ရွက်ခဲ့သည်။

အသိပညာပေးရာတွင် ကျောင်း သား၊ ကျောင်းသူများအား အာဟာရမျှတစွာ စားသုံးခြင်း၊ အစာအုပ်စု (၃)စု၏ အရေးပါပုံ၊ သန့်ရှင်းလတ်ဆတ်သောအစား အစာများကို ရွေးချယ်စားသုံး ခြင်းဖြင့် အစာအိမ်နှင့် အူလမ်း ကြောင်းရောဂါများကာကွယ်နိုင် ပုံတို့ကို အသိပညာပေးဟောပြော သည်။

ထို့နောက် အစားအစာမစား သုံးမီနှင့် ပြင်ဆင်ချက်ပြုတ်ရာတွင် လက်ကို စနစ်တကျ ဆေးကြော ရန်နှင့် ယင်းနာစာများစားသုံးခြင်း မှ ရှောင်ကြဉ်ရန်တို့ကို ဟောပြော ၍ မှန်ကန်သောလက်ဆေးနည်း များကို လက်တွေ့သရုပ်ပြသခဲ့ ကြောင်း သိရသည်။ (၀၄၅)

စာဖတ်ရှုနိုးမြှင့်တင်ရေးအတွက် လူငယ်ရေးရာ အသိပညာပေးဟောပြော

မန္တလေး နိုဝင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ပညာကြယ်တံခွန် ကိုယ်ပိုင်ကျောင်း၌ စာဖတ်ရှုနိုးမြှင့်တင်ရေးအတွက် ယနေ့နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာ ကြယ်တံခွန်ကိုယ်ပိုင်ကျောင်းတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာ ပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပညာကြယ်တံခွန်ကိုယ်ပိုင်ကျောင်းမှ တာဝန်ခံ ကျောင်းအုပ်ကြီး ဦးအောင်စိုးမိုးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက် ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက လူငယ်များ ဗဟငါးတန် နှင့်ပို့ဖြိုးဖို့ ကြိုးပမ်း ဆောင်ရွက်ရန် ဟောပြောခဲ့သည်။

ထို့နောက် မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က စာဖတ်ကြပါစို့ ခေါင်းစဉ် ဖြင့် စာပေ၏ အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းဟောပြောခဲ့ သည်။ ဟောပြောပွဲပို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူ များအား အပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင် များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (၀၇၅)

ပတ်ဝန်းကျင်သာယာလှပစေရေး ပလတ်စတစ်သုံးစွဲမှုကို ဆန့်ကျင်ပေး။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ကိုယ်ပိုင်ထရန်စဖော်မာခုနစ်လုံးသည် ခွင့်ပြုထားသည့်လုပ်ငန်းအတိုင်း ဆောင်ရွက်ခြင်းမရှိဘဲ တရားမဝင်ဓာတ်အားလိုင်းဆွဲပြီး ဆင့်ပွားဓာတ်အားပေးနေသဖြင့် လျှပ်စစ်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၇

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တရားမဝင်ဓာတ်အား ခိုးယူသုံးစွဲမှုများကို စောင့်ကြည့်စစ်ဆေးဖော်ထုတ်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း ကနဦးကွင်းဆင်းစစ်ဆေးချက်များအရ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်မညီသော လျှပ်စစ်ဓာတ်အား ဆင့်ပွားသုံးစွဲနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

သို့ဖြစ်၍ နိုဝင်ဘာ ၂၁ ရက်တွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရုံးချုပ်၊ ခရိုင်၊ မြို့နယ် ပါဝင်သော ကော်မတီအဖွဲ့ဖြင့် ထပ်မံကွင်းဆင်းစစ်ဆေးခဲ့ရာ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ငြိမ်းချမ်းသာစံကျေးရွာအုပ်စု ဦးပိုင်အမှတ်(၃၁/၁) ကွင်းအမှတ် (၄၄စ-က) ကလိန်တိန် အရှေ့ကွင်း ၃ ဒသမ ၀၆ ဧကတွင် ဦးအောင်ခင်၏ စပါးတလင်းနှင့် စပါးဂိုဒေါင်လုပ်ငန်း၊ ငြိမ်းချမ်းသာစံကျေးရွာအုပ်စု နွယ်နီကျေးရွာ ဦးပိုင်အမှတ်(၅၉၊ ၆၀/၁၊ ၆၀/၂) ကွင်းအမှတ် (၄၄စ) ကလိန်တိန် အနောက်ကွင်း ၄ ဒသမ ၁စ ဧကတွင် ဒေါ်မြင့်မြင့်ကြည်၏ အလင်းရောင်နှင့် အထွေထွေသုံးလုပ်ငန်း၊ ငြိမ်းချမ်းသာစံကျေးရွာအုပ်စု ဦးပိုင်အမှတ်(၁၇/၁) ကွင်းအမှတ် (၄၄၉-က) ငြိမ်းချမ်းသာစံအနောက်ကွင်း ၃ ဒသမ ၅၄ ဧကတွင် ဦးစိန်အောင်၏ အလင်းရောင်နှင့် အထွေထွေသုံးလုပ်ငန်း၊ ဇီးချိုကုန်းကျေးရွာအုပ်စု ဦးပိုင်အမှတ်(၁) ကွင်းအမှတ် (၄၉၀) ဇီးချိုကုန်းကွင်း ၂ ဒသမ ၇၉ ဧကတွင် ဦးစန်းယု၏ အဆင့်မြင့်စိုက်ပျိုးရေးလုပ်ငန်း၊ နန္နာကျေးရွာအုပ်စု ဦးပိုင်အမှတ် (၁၇၂) ကွင်းအမှတ် (၄၅၀) နန္နာတောင်ကျေးရွာ ၂ ဒသမ ၁ ဧကတွင် ဒေါ်တူးမာ၏ သီးနှံဂိုဒေါင်နှင့် ဓာတ်မြေဩဇာအရောင်းဆိုင်လုပ်ငန်း၊ ရွှေကျင်ကွက်သစ်ကျေးရွာ ဦးပိုင်အမှတ်(၁၂၉) ကွင်းအမှတ် (၄၅၀) သုည ဒသမ ၉၈ ဧကတွင် ဦးနေဝင်းနိုင်(၁) ဦးဇော်လတ်၏ အလင်းရောင်နှင့် အထွေထွေသုံးလုပ်ငန်း၊ နန်းဦးလွင်ကျေးရွာအုပ်စု ဦးပိုင်အမှတ်(၁၈၈) ကွင်းအမှတ်(၅၁၂) ကန်ကောက်ကန်တွင်းကွင်း ၂



ဒေါ်မြင့်မြင့်ကြည်၏ 11/0.4 kV(160)kVA ထရန်စဖော်မာအား ဓာတ်အားဖြတ်တောက်နေသည်ကို တွေ့ရစဉ်။



ဒေါ်မြင့်မြင့်ကြည်၏ 11/0.4 kV (160) kVA ထရန်စဖော်မာမှ ဆင့်ပွားဓာတ်အားပေးထားသည့် နေအိမ်များကို တွေ့ရစဉ်။

ဒသမ ၀၀ ဧကတွင် ဦးစိုးလင်း၏ အထည်ချုပ်စက်ရုံလုပ်ငန်း စုစုပေါင်းလုပ်ငန်းခုနစ်ခုတို့၏ ပုဂ္ဂလိကထရန်စဖော်မာ ခုနစ်လုံးတို့သည် ခွင့်ပြုမိန့်တွင် မပါသည့် ၄၀၀ ဗို့အား ဓာတ်အားလိုင်းများအား တိုးချဲ့တည်ဆောက်သွယ်တန်း၍ ပြင်ပ Sub Meter များဖြင့် တရားမဝင် ဓာတ်အားခိုးယူသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါပုဂ္ဂလိက ထရန်စဖော်မာခုနစ်လုံးကို လျှပ်စစ်ဓာတ်အားဖြတ်တောက်ထားရှိပြီး လျှပ်စစ်ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရှိ Control Center များ၏ နည်းပညာအဆင့်မြှင့်တင်လာနိုင်သည့်အတွက် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများ ပိုမိုဖော်ထုတ်လာနိုင်သည်နှင့်အမျှ လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ပြည်သူများအား ပိုမိုတိုးမြှင့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို စည်းကမ်းတကျသုံးစွဲကြရန်နှင့် ဓာတ်အားခိုးယူသုံးစွဲမှုများတွေ့ရှိပါက Call Center များသို့ ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းကိုင် နိုဝင်ဘာ ၂၇

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုနားကျေးရွာအုပ်စု၊ ဝမ်စောက် ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၅ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်း နှင့် ရုံးအဖွဲ့ဝန်ထမ်းများက မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၅၈ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၅ ဦးကို ရန်ပုံငွေကျပ် ၅၈ ဒသမ ၇ သန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနထံမှ သိရသည်။

အောင်ရဲကျော်(ကျေးလက်)



မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျွန်းလှ နိုဝင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ၌ စပါးအပြင် ပဲမျိုးစုံ၊ ဆီထွက် သီးနှံ ဟင်းသီးဟင်းရွက် သီးနှံ နှင့် အခြားသီးနှံများကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

အဆိုပါ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း၊ မျိုးသန့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး သင်တန်းများဖွင့်လှစ်ခြင်းနှင့် ကွင်းသရုပ်ပြပွဲများပြုလုပ်ခြင်း၊ ပိုးမွှားကင်းထောက်ခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျအရိုက်ကိုက်သုံးစွဲရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၃၂၆၃ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ဒေသရာသီဥတုနှင့် ကိုက်ညီသည့် ဧရာမင်း၊ မနောသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေနှင့် အော်နိုင်တိုစပါးမျိုးများ စိုက်ပျိုးကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၄၀၀)

(၈) ကြိမ်မြောက်တစ်ကိုယ်တော် ပန်းချီပြပွဲပြသ

မန္တလေး နိုဝင်ဘာ ၂၇

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၄လမ်း၊ တံခွန်တိုင်အဝိုင်းအနီး ဂါဒင်းစီးဝီးအိမ်ရာရှိ သီရိပစ္စယာ အနုပညာပြခန်းတွင် ယနေ့ နံနက် ၁၀ နာရီက ပန်းချီဆရာမာဏ၏ LEISURE အမည်ဖြင့် (၈)ကြိမ်မြောက် တစ်ကိုယ်တော် ပန်းချီပြပွဲ ဖွင့်လှစ်ပြသသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာမာဏ၏ DIGITAL ART ပန်းချီကား ၅၄ ကားအား ပြသထားရှိပြီး ပန်းချီကားတန်ဖိုးမှာ ငွေကျပ် တစ်သိန်းခွဲမှ ငွေကျပ် လေးသိန်းအထိ အစားစားရှိပြီး စီးရီတစ်နှစ်တစ်ခုလျှင် ငွေကျပ် ၁၀ သိန်းဖြစ်ပြီး တစ်ကိုယ်တော် ပန်းချီပြပွဲကို ၂၀၁၇ ခုနှစ်မှ စတင်ပြသခဲ့ရာ ယခုပြပွဲမှာ (၈)ကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲဖြစ်ပြီး ပြပွဲအား နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တိုင် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီချစ်မြတ်နိုးသူများ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

ကျော်မင်းသော်

အမျိုးသား/အမျိုးသမီးများကို ကမ္ဘောဒီးယားနိုင်ငံရှိ Online Scams လုပ်ငန်းတွင် လုပ်ကိုင်ရန် ပို့ဆောင်ခဲ့ပြီး လုပ်ခလစာများကို ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ချမှတ်

နေပြည်တော် နိုဝင်ဘာ ၂၇

အမျိုးသား/အမျိုးသမီးများကို ကမ္ဘောဒီးယားနိုင်ငံရှိ Online Scams လုပ်ငန်းတွင် လုပ်ကိုင်ရန် ပို့ဆောင်ခဲ့ပြီး လုပ်ခလစာများကို ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေ အမျိုးသား တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်နေ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်းလေးဦးတို့ကို ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်နေ ထက်ဝေယံက လူမှုကွန်ရက် Telegram မှတစ်ဆင့် ဆက်သွယ်၍ ကမ္ဘောဒီးယားနိုင်ငံရှိ Online Scams လုပ်ငန်းတွင် လူလိုနေပြီး တစ်လလျှင် အမေရိကန်ဒေါ်လာ ၈၀၀ ရရှိမည်၊ ကွန်ပျူတာ၊ ဖုန်းများ အသုံးပြု၍ လုပ်ကိုင်ရမည်ဟု ပြောဆိုစည်းရုံးပြီး ကမ္ဘောဒီးယားနိုင်ငံ ကမ်ပေါ့ဒ်မြို့ရှိ တရုတ်နိုင်ငံသားပိုင်ဆိုင်သည့် အလုပ်ရုံသို့ ပို့ဆောင်ပေးကြောင်း။

ဆွန်လိုင်းလိမ်လည်မှု လုပ်ငန်းများကို တစ်လခွဲခန့် လုပ်ကိုင်ခဲ့ပြီး လုပ်ခလစာ အမေရိကန်ဒေါ်လာ ၁၂၀၀ ရရှိမည်ဖြစ်သော်လည်း ၇၀၀ စီသာ ရရှိသဖြင့် မေးမြန်းခဲ့ရာ ၎င်းတို့၏ လစာများအနက်မှ တစ်ဦးလျှင် ဒေါ်လာ ၅၀၀ နှုန်းဖြင့် ထက်ဝေယံက ခေါင်းပုံဖြတ်ထုတ်ယူသွားကြောင်း စိစစ်သိရှိရသဖြင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်း(ပ)၂၅၅/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၃၆ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်တွင် အင်းစိန်ခရိုင်တရားရုံးမှ တရားခံထက်ဝေယံအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် တစ်ဆယ်နှစ်နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့်ထောင်ဒဏ် တစ်ဆယ်နှစ် (တစ်ပေါင်းတည်း) ကျခံစေရန် အဓိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

တာချီလိတ်မြို့နယ် ဝမ်ကောင်းရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်သူ တရားမဝင် ထိုင်းနိုင်ငံသားများအပါအဝင် ၃၅ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများလုံးဝ အခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည် လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည် လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင်ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ်စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ယနေ့နံနက် ၆ နာရီ ၃၀ မိနစ်ခန့်တွင် ဝမ်ကောင်းရပ်ကွက် ကုံကော်လမ်းရှိ အိမ်အမှတ် (၀က-၉/၅၀၆)၌ တရားမဝင် ထိုင်းနိုင်ငံသား အမျိုးသား ၁၃ ဦး နှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၆ ဦးတို့ကို အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ကိုင်ရာတွင် အသုံးပြုသည့် All in One ကွန်ပျူတာ ၃၂ လုံး၊ System Box နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ပူးပေါင်းအဖွဲ့သည် ရုံးချုပ်ရှိ ရာဖွေစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်ရာ အဆိုပါပတ်ဝန်းကျင်ရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်း ငွေကြေးလိမ်လည်မှုများ ကျူးလွန်လုပ်ကိုင်နေသူ မြန်မာနိုင်ငံသား အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ကိုးဦးတို့ကို All in One ကွန်ပျူတာ ၁၁ လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

စိစစ် မေးမြန်းချက်များအရ ဖမ်းဆီးရမိသူ ထိုင်းနိုင်ငံသားများသည် အွန်လိုင်းဂိမ်းတစ်ခုတွင် ကွန်ပျူတာနှင့် ပတ်သက်သည့် နည်းပညာပိုင်းဆိုင်ရာ အလုပ်များ လုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာကြပြီး ယခုနေရာသို့ ရောက်ရှိနေထိုင်စဉ်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးခံရသူ မြန်မာနိုင်ငံသား များသည် တာချီလိတ်မြို့တွင် အလုပ်လုပ်ကိုင်ရန် အွန်လိုင်းမှတစ်ဆင့် ရင်းနှီးသူတစ်ဦးနှင့် ချိတ်ဆက်မိပြီး နိုဝင်ဘာ ၂၀ ရက်မှ စတင်၍ အွန်လိုင်းငွေကြေးလိမ်လည်မှု လုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ ၎င်းတို့သည် လူမှုကွန်ရက်များမှတစ်ဆင့် အမျိုးသားပစ်မှတ်များကို ရှာဖွေ၍ အမျိုးသမီးများအဖြစ် ဟန်ဆောင်ပြောဆိုကြကာ ချစ်သူအဆင့် ရောက်ရှိအောင်ကြိုးစားကြကြောင်း၊ ထို့နောက် ပစ်မှတ်နှင့် မဖွယ်မရာစကားများ ပြောဆိုကြပြီး ပစ်မှတ်၏ မဖွယ်မရာပုံများနှင့် ဗီဒီယိုများကိုပါ တောင်းယူကြကြောင်း၊ ယင်းနောက် အဆိုပါပြောဆိုခဲ့သည့် အကြောင်းအရာ မှတ်တမ်းများ၊ ဓာတ်ပုံများနှင့် ဗီဒီယိုများကို ပြသခြိမ်းခြောက်ကာ ငွေကြေးများ တောင်းခံကြရကြောင်း၊ ပစ်မှတ်က ငွေကြေးပေးပို့မည်ဆိုပါက ခေါင်းဆောင်ထံသို့ အသိပေး အကြောင်းကြားရပြီး ခေါင်းဆောင်ဖြစ်သူက ပေးပို့သော ငွေကြေးလက်ခံသည့် Scan တစ်ခုကို ပစ်မှတ်ထံသို့ ပေးပို့ရကြောင်း၊ ၎င်းတို့သည် အခြေခံလစာအနေဖြင့် သီးသန့်ရုံခြင်းမရှိဘဲ လိမ်လည်ရာတွင် ရရှိလာသည့် ငွေကြေး၏ ၁၈ ရာခိုင်နှုန်းကို ခွဲဝေရရှိကြကြောင်း သိရှိရသည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ကုံကော်လမ်းရှိ နေအိမ်အတွင်း၌တွေ့ရှိရသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်လုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ။



ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံသားများ၏ မှတ်တမ်းဓာတ်ပုံ။





ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ကုံကော်လမ်းရှိ အိမ်အမှတ် (၀က-၉/၅၀၆)၌ တရားမဝင် ထိုင်းနိုင်ငံသား အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၃ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်သည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ကုံကော်လမ်းရှိ နေအိမ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား အမျိုးသား ရှစ်ဦး၊ အမျိုးသမီး တစ်ဦးအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအား အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၉ လုံး စုစုပေါင်း အဆောက်အအုံ ၁၃ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၀ လုံးကိုလည်း စနစ်တကျဆက်လက် ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

၁၀၀



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

စိုက်ပျိုးရေးဆေးပစ္စည်းအရောင်းဆိုင်များအား စနစ်တကျရောင်းချနိုင်ရေး ကွင်းဆင်းစစ်ဆေး အသိပညာပေး



ပွင့်ဖြူ နိုဝင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးဆေးပစ္စည်းများ ဖြန့်ဖြူးရောင်းချလျက်ရှိသော လုပ်ငန်းရှင်များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ရောင်းချနိုင်ရေးအတွက် နိုဝင်ဘာ ၂၆ ရက်က ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့ ပါဝင်သော ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်ရှိ စိုက်ပျိုးရေးဆေးပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်၍ လုပ်ငန်းရှင်နှင့် တွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်းသုံး ဆေးပစ္စည်းများ ဖြန့်ဖြူးရောင်းချရာ၌ သက်ဆိုင်ရာမှ တရားဝင် ထုတ်ပေးသော ဖြန့်ဖြူးရောင်းချခွင့် လိုင်စင် ရှိ၊ မရှိ မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး အစရှိသည့် ဆေးပစ္စည်းများ ရောင်းချခြင်း ရှိ၊ မရှိ နှင့် ပိုးသတ်ဆေးများ ရောင်းချရာတွင် ဘေးအန္တရာယ်မဖြစ်စေရေး စနစ်တကျ ထုပ်ပိုးရောင်းချခြင်း၊ သိုလှောင်သိမ်းဆည်းထားခြင်း ရှိ၊ မရှိ ရောင်းချခြင်းမပြုရန် တားမြစ်ထားသော စိုက်ပျိုးရေးဆေးပစ္စည်းများ ရောင်းချမှု မရှိစေရေး ကြပ်မတ်စစ်ဆေးခဲ့ကြသည်။

ထို့နောက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က စိုက်ပျိုးရေးဆေးပစ္စည်းအရောင်းဆိုင်များရှိ လုပ်ငန်းရှင်များ သိရှိစေရေး ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာဥပဒေ၊ နည်းဥပဒေအကြောင်း၊ သက်ဆိုင်ရာမှ ထုတ်ပြန်သော ညွှန်ကြားချက်များ ၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် လိုက်နာရမည့် စည်းကမ်းချက်များကို အလေးထားဆောင်ရွက်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)

––*–*–*–*–*



ရပ်ကွက်များအတွင်း တပ်ဆင်ထားသည့် မီးသတ်ရေတိုင်များ အသုံးပြုနိုင်ခြင်း ရှိ၊ မရှိစစ်ဆေး

ချောက် နိုဝင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၌ ရပ်ကွက်များအတွင်း အယ်လ်နီညှိဖြစ်စဉ်ကာလအတွင်း မီးလန့်မှု၊ မီးလောင်မှုမဖြစ်ပွားစေရေးနှင့် ထိရောက်စွာမီးငြိမ်းသတ်နိုင်ရေး မီးသတ်ရေတိုင်များ အသုံးပြုနိုင်ခြင်း ရှိ၊ မရှိစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ရပ်ကွက်များသို့ သွားရောက်၍ စစ်ဆေးခဲ့သည်။

အဆိုပါစစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရေနံမီးသတ်တာဝန်ခံနှင့်အဖွဲ့တို့ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ကျော်မိုး(ပြန်/ဆက်)

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀နာရီခွဲက တာချီလိတ်မြို့၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ ခတ္တာလမ်းသွယ်နေ ကျလားဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၄င်းနှင့်အတူ စိုးလာမူဆိုသူအား တွေ့ရှိပြီး နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း) အလေးချိန် ၃၃ ကီလို၊ Happy Water အလေးချိန် ၅ ဒသမ ၂ ကီလို၊ ကက်တမင်းအဆီရည် တစ်လီတာ၊ စိတ်ကြွဆေးပြား ၂,၀၀၀ ၊ အက်တက်စီဆေးပြား ၁၀၀ ၊ ကက်တမင်းအလေးချိန် ၃၀၀ ဂရမ်နှင့် လက်ကိုင်ဖုန်းလေး လုံးတို့အားတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ကျလား(၂၈)နှစ်ဆိုသူနှင့် စိုးလာမူ(၃၀)နှစ်ဆိုသူတို့အား တာချီလိတ်မြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

––*–*–*–*–*





စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ နိုဝင်ဘာ ၂၄ ရက် ည ၇နာရီ ၁၅မိနစ်က နောင်ချိုမြို့၊ ပါဟတ်ရပ်ကွက်အနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် သီပေါမှ နောင်ချိုဘက်သို့ စိုင်းစွမ်ခေးဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော စိတ်ကြွဆေးပြား ၃၀၀၀၀ တို့အား လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၂၅ ရက် နံနက် ၉နာရီက အဆိုပါစိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ မရွေကြည်(ခ)နန်းလောင် ဆိုသူအား ၄င်းနေထိုင်သည့် နောင်ချိုမြို့နယ်၊ တဲတိုက်ကျေးရွာရှိ နေအိမ်အတွင်းမှ လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စိုင်းစွမ်ခေး(၂၇)နှစ်ဆိုသူနှင့် မရွေကြည်(ခ)နန်းလောင် (၄၈)နှစ်ဆိုသူတို့အား နောင်ချိုမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၇

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် သင်တန်းထူးချွန်ဆုရရှိသည့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် သင်တန်းသားများအား မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများနှင့် သင်တန်းဆင်းလက်မှတ်များအား ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ကြီးတံခွန် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်မှ ၂၆ ရက်အထိ ၂၅ ရက်တာ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းဆင်းပွဲကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သက်ဆိုင်ရာတာဝန်ရှိ ဌာနဆိုင်ရာများ၊ သင်တန်းသား ၅၀ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

စင်မင်းမောင်(ခရိုင် ပြန်/ဆက်)

––*–*–*

––*–*–*–*–*

သင့်အသက်အန္တရာယ်ကာကွယ်ရန်အတွက် ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုး သေချာစွာ တပ်ပါ။

နိုင်ငံတကာ အားကစား သတင်းများ

ကယ်လ်ဗတ်လီဝင် လိဒ်စ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

လန်ဒန် နိုဝင်ဘာ ၂၇

လိဒ်စ်အသင်းသည် အသင်းတိုက်စစ်မှူး ကယ်လ်ဗတ်လီဝင်ကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(အောက်ယာပုံ)**

အဆိုပါ တိုက်စစ်မှူးသည် လိဒ်စ်အသင်းနှင့်အတူ ၂၀၂၅-၂၀၂၆မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၂ ပွဲကစားပြီး ၂၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိဒ်စ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



အသက်(၂၉)နှစ်အရွယ်ရှိ ကယ်လ်ဗတ်လီဝင်က 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ဆုဖလားတွေလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်' ဟု ပြောသည်။ **(NGB)**

ရစ်ချာလီဆန်ကို ခေါ်ယူရန် ထရက်ဇွန်စပေါ်အသင်း စီစဉ်

လန်ဒန် နိုဝင်ဘာ ၂၇

တူရကီကလပ် ထရက်ဇွန်စပေါ်အသင်းသည် စပါးအသင်းတိုက်စစ်မှူး ရစ်ချာလီဆန်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် စပါးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၄ပွဲကစားပြီး ၃၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ထရက်ဇွန်စပေါ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ရစ်ချာလီဆန်ကိုယ်တိုင်ကလည်း လက်ရှိအချိန်၌ စပါးအသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။ **(ယာပုံ)**

ထို့ကြောင့် ထရက်ဇွန်စပေါ်အသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် စပါးအသင်းထံမှ ရစ်ချာလီဆန်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



ခရစ္စတယ်ပဲလေ့စ်အသင်းက ဆိုစီဒက်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

လန်ဒန် နိုဝင်ဘာ ၂၇

ဥရောပယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ဆိုစီဒက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ခရစ္စတယ်ပဲလေ့စ်အသင်းက ဆိုစီဒက်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၇၃မိနစ်တွင် မာတီတာ၊ ပွဲချိန် ၈၂ မိနစ်တွင် မက်နီးလ်တို့က အသီးသီး သွင်းယူခဲ့ကြသည်။ **(အပေါ်ပုံ)**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ဥရောပယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် လာမည့် ဒီဇင်ဘာ ၁၁ ရက်တွင် ဘီယာလီစတော့ခ် အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(NGB)**



2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Carole Monnet တက်ရောက်

လန်ဒန် နိုဝင်ဘာ ၂၇

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီး တင်းနစ် ပြိုင်ပွဲဖြစ်သည့် 2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပြင်သစ်တင်းနစ်မယ် Carole Monnet တက်ရောက်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်မယ် Carole Monnet သည် 2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အိမ်ရှင် အာဂျင်တီးနားတင်းနစ်မယ် Solana Sierra အား ၆-၄၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 IEB+ Argentina Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်မယ် Carole Monnet နှင့် ဆလိုဗေးနီးယား တင်းနစ်မယ် Veronika Erjavec တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၈-၁၁-၂၀၂၆ ညဉ်း၀၀နာရီ	ဟမ်းဘတ် - ဘိုင်ယန်မြူးနစ်	ဟမ်းဘတ် ၂-၂ ဘိုင်ယန်မြူးနစ် ဘိုင်ယန်မြူးနစ် ၅-၀ ဟမ်းဘတ်
။	ကိုလုံး - အဲလ်ဗာဘတ်	———
။	မိန့်ဇ် - ယူနီယံဘာလင်	မိန့်ဇ် ၁-၃ ယူနီယံဘာလင် ယူနီဘာလင် ၂-၂ မိန့်ဇ်
။	ပါဒါဘွန်း - ရှော်လ်ကေး	ပါဒါဘွန်း ၁-၅ ရှော်လ်ကေး ရှော်လ်ကေး ၁-၁ ပါဒါဘွန်း
၂၉-၁၁-၂၀၂၆ နံနက်၀၀း၀၀နာရီ	စတုဂတ် - ဖရန့်ဖတ်	စတုဂတ် ၃-၂ ဖရန့်ဖတ် ဖရန့်ဖတ် ၂-၂ စတုဂတ်

၁၇-၁၁-၂၀၂၆

အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၈) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၈-၁၁-၂၀၂၆ ညဉ်း၃၀နာရီ	မီဝေါလ် - ဘန်လေ	မီဝေါလ် ၁-၀ ဘန်လေ ဘန်လေ ၃-၁ မီဝေါလ်
။	ဝက်စ်ဟမ်း - စတုတ်စီးတီး	ဝက်စ်ဟမ်း ၁-၁ စတုတ်စီးတီး စတုတ်စီးတီး ၄-၀ ဝက်စ်ဟမ်း

၂၀၂၄-၂၅

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၈-၁၁-၂၀၂၆ စနေနေ့	ညနေ၃း၃၀နာရီ	ဟံသာဝတီ - မြဝတီ	ဟံသာဝတီ ၂-၁ မြဝတီ မြဝတီ ၀-၁ ဟံသာဝတီ
။	။	ရှမ်း - စစ်ကိုင်း	ရှမ်း ၂-၁ စစ်ကိုင်း စစ်ကိုင်း ၁-၅ ရှမ်း

၂၀၂၄-၂၅

အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၈-၁၁-၂၀၂၆ ညဉ်း၃၀နာရီ	မန်ယူ - ဘရန့်ဖို့ဒ်	မန်ယူ ၂-၁ ဘရန့်ဖို့ဒ် ဘရန့်ဖို့ဒ် ၃-၁ မန်ယူ
။	လိဒ်စ် - ကိုဗင်ထရီ	———
၂၉-၁၁-၂၀၂၆ နံနက်၀၀း၀၀နာရီ	အစ်ဆွစ်ချ် - အက်စတွန်ပီလာ	အစ်ဆွစ်ချ် ၂-၂ အက်စတွန်ဗီလာ အက်စတွန်ဗီလာ ၁-၁ အစ်ဆွစ်ချ်

၂၀၂၄-၂၅

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၈-၁၁-၂၀၂၆ ည ၇း၃၀ နာရီ	ဘက်တစ် - ဗက်လက်ကာနို	ဘက်တစ် ၁-၁ ဗယ်လက်ကာနို ဗယ်လက်ကာနို ၀-၀ ဘက်တစ်
၂၈-၁၁-၂၀၂၆ ည ၉း၄၅ နာရီ	မာလာဂါ - ဘီလ်ဘာအို	မာလာဂါ ၃-၃ ဘီလ်ဘာအို ဘီလ်ဘာအို ၂-၁ မာလာဂါ
၂၉-၁၁-၂၀၂၆ နံနက် ၀၀း၀၀ နာရီ	အယ်လ်ချီ - အက်သလက်တီကို	အယ်လ်ချီ ၃-၂ အက်သလက်တီကို အက်သလက်တီကို ၁-၁ အယ်လ်ချီ
၂၉-၁၁-၂၀၂၆ နံနက် ၀၂း၃၀ နာရီ	ရီးရဲလ်မက်ဒရစ် - အလာဗက်စ်	ရီးရဲလ်မက်ဒရစ် ၂-၁ အလာဗက်စ် အလာဗက်စ် ၁-၂ ရီးရဲလ်မက်ဒရစ်

၁၇-၁၁-၂၀၂၆

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၈-၁၁-၂၀၂၆ ည၈း၃၀နာရီ	ဖရိုစီနိုနီ - ပါးမား	ဖရိုစီနိုနီ ၃-၂ ပါးမား ပါးမား ၀-၀ ဖရိုစီနိုနီ
၂၈-၁၁-၂၀၂၆ ည၁၁း၃၀နာရီ	တိုရီနိုနီ - လာဇီယို	တိုရီနိုနီ ၂-၀ လာဇီယို လာဇီယို ၃-၃ တိုရီနိုနီ
၂၉-၁၁-၂၀၂၆ နံနက်၀၂း၁၅နာရီ	အင်တာမီလန် - ဂျီနိုအာ	အင်တာမီလန် ၂-၀ ဂျီနိုအာ ဂျီနိုအာ ၁-၂ အင်တာမီလန်

၁၇-၁၁-၂၀၂၆

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၈-၁၁-၂၀၂၆ ည ၁၀း၄၅ နာရီ	အန်းဂါးစ် - လန်းစ်	အန်းဂါးစ် ၁-၂ လန်းစ် လန်းစ် ၅-၁ အန်းဂါးစ်
၂၉-၁၁-၂၀၂၆ နံနက် ၀၂း၁၅ နာရီ	လီဟာတ - စထရာဘော့စ်	လီဟာတ ၂-၁ စထရာဘော့စ် စထရာဘော့စ် ၁-၀ လီဟာတ
။	လီမက်စ် - လိုင်လီ	-
။	နိစ် - ထရွိုင်းယက်စ်	နိစ် ၃-၂ ထရွိုင်းယက်စ် ထရွိုင်းယက်စ် ၀-၁ နိစ်
။	ပီအက်စ်ဂျီ - လိုရီယန့်	ပီအက်စ်ဂျီ ၂-၂ လိုရီယန့် လိုရီယန့် ၁-၁ ပီအက်စ်ဂျီ

၂၀၂၄-၂၅

အသိပညာပေးလူငယ်စကားဝိုင်း ကျင်းပ

မကွေး နိုဝင်ဘာ ၂၇

လူငယ်လူရွယ်များအနေဖြင့် ခေတ်မီသတင်းအချက်အလက်နှင့် နည်းပညာများကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ဆိုက်ဘာဆိုင်ရာ ခြိမ်းခြောက်မှုအန္တရာယ်များမှ ကြိုတင်ကာကွယ် ရှောင်ရှားနိုင်စေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ကြီးမှူးကျင်းပသည့် IT နည်းပညာနှင့် ဆိုက်ဘာခြိမ်းခြောက်မှုဆိုင်ရာ အသိပညာပေး လူငယ်စကားဝိုင်း' အစီအစဉ်ကို ဆက်လက် ကျင်းပရာ ဦးဆောင်ဆွေးနွေးသူ (Moderator)နှင့် သက်ဆိုင်ရာ နည်းပညာကဏ္ဍအလိုက် ပါဝင် ဆွေးနွေးကြသည့် လူငယ်ကိုယ်စားလှယ်များက IT နည်းပညာ ဆိုင်ရာ အခွင့်အလမ်းများ၊ ဆိုက်ဘာ လုံခြုံရေးအသိပညာနှင့် ဆိုက်ဘာခြိမ်းခြောက်မှုများမှ ကာကွယ်တားဆီးနိုင်မည့် နည်းလမ်းများကို ရှုထောင့်အသီးသီးမှ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူနှင့် ဆွေးနွေးပွဲပါဝင်သူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် လူငယ်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ မှတ်တရုတ်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

မောင်နိုင်မင်း(ပြန်/ဆက်)





မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

မန္တလေး နိုဝင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေး စကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၃၈)

၀-၀-၀-၀-၀

အသက်သည်သွေး သွေးသည်အသက်။

ပြင်ဦးလွင်မြို့နယ်၊ ဘော်ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

ပြင်ဦးလွင် နိုဝင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် သိုက်တောကျေးရွာအုပ်စု၊ ဘော်ကျေးရွာ၌ ကုန်ထုတ်လမ်း မြေပေါင်တင် ဂျင်းကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ၊ တာဝန်ခံအင်ဂျင်နီယာများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက ဘော်ကျေးရွာကုန်ထုတ်လမ်း အရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ပေ၊ မြေသားနှစ်ပေ၊ ဂျင်းမြေကျောက်ကိုးလက်မကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထိုသို့ ကွင်းဆင်းရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခရိုင်၊ မြို့နယ်တာဝန်ရှိသူများ၊ တာဝန်ခံအင်ဂျင်နီယာများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက ဘော်ကျေးရွာကုန်ထုတ်လမ်း အရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ပေ၊ မြေသားနှစ်ပေ၊ ဂျင်းမြေကျောက်ကိုးလက်မကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။



စစ်ကိုင်းမြို့တွင် လက်မှုရွာစီမံကိန်း ဖော်ဆောင်နိုင်ရေး တွေ့ဆုံပွဲကျင်းပ

စစ်ကိုင်း နိုဝင်ဘာ ၂၇

စစ်ကိုင်းမြို့တွင် မြန်မာ့ရိုးရာ ပန်း(၁၀)မျိုးအပါအဝင် လက်မှုလုပ်ငန်းများ တိမ်ကောပပျောက်မှုမရှိစေရန်၊ နိုင်ငံတော်အတွက် ခရီးသွားနေရာတစ်ခုဖန်တီးပေးရန်၊ မြန်မာ့ရိုးရာလက်မှုလုပ်ငန်းပညာရပ်များအား လက်ဆင့်ကမ်းထိန်းသိမ်းနိုင်စေရန်နှင့် ဒေသခံလက်မှုပညာရှင်များ၏ ဝင်ငွေတိုးတက်စေရန် ရည်ရွယ်၍ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော လက်မှုရွာစီမံကိန်းဖော်ဆောင်နိုင်ရေး တွေ့ဆုံပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရွာထောင်ရပ်ကွက်၊ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ခိုင်ခိုင်သိန်းက လက်မှုရွာစီမံကိန်းဖော်ဆောင်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌေထည်၊ ကြေးထည်လုပ်ငန်းရှင်များက လက်မှုရွာစီမံကိန်းဖော်ဆောင်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

နေလင်းအောင်(ပြန်/ဆက်)



စာသုံးသူကာကွယ်ရေးအသိပညာပေးဟောပြော၊ ကျောင်းမုန့်ဈေးဆိုင်များ ဈေးကွက်စောင့်ကြည့်စစ်ဆေး

မန္တလေး နိုဝင်ဘာ ၂၇

စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းထွန်းဦးနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက မြင်းခြံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသား နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ စားသုံးသူရေးရာဦးစီးဌာနသို့ Call Center 1535(1/2/3) ဆက်သွယ်တိုင်ကြားမှုနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန မြင်းခြံခရိုင်ရုံးမှ စစ်ဆေးရေးအရာရှိများသည် ကျောင်းကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျောင်းမုန့်ဈေးဆိုင်များအား ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၀၄၅)

Co-fermentation ကော်ဖီထုတ်လုပ်မှုနည်းစနစ် မြန်မာ့ကော်ဖီရေးကွက်တွင် ထူးခြားသည့်အာဠာအလမ်းတစ်ခုဖြစ်လာနိုင်

မန္တလေး နိုဝင်ဘာ ၂၇

ကော်ဖီသောက်သုံးသူများအကြား သစ်သီးရနံ့နှင့် အရသာများပါဝင်သည့် Specialty Coffee များ ရေပန်းစားလာချိန်တွင် Co-fermentation နှင့် Infused Coffee ထုတ်လုပ်မှုနည်းစနစ်နှစ်မျိုး၏ ကွာခြားချက်များကို သိရှိနားလည်ရန် လိုအပ်လာပြီး Co-fermentation နည်းစနစ်ကို စနစ်တကျ ဖော်ဆောင်နိုင်ပါက မြန်မာ့ကော်ဖီစျေးကွက်တွင် ထူးခြားသည့်အားသာချက်တစ်ခု ဖြစ်လာနိုင်သည်။

Co-fermentation ဆိုသည်မှာ ကော်ဖီထုတ်လုပ်သည့် အချဉ်ဖောက်အဆင့်တွင် သစ်သီးများ၊ သစ်သီးနှံ တဆေးနှင့် ကော်ဖီကို အတူတကွ အချဉ်ဖောက်သည့် နည်းစနစ်ဖြစ်သည်။ ယင်းနည်းလမ်းဖြင့် ထုတ်လုပ်ထားသည့် ကော်ဖီတွင် သစ်သီးဆန်သည့် အနံ့အရသာများနှင့် ကော်ဖီ၏ မူလအရသာတို့ တစ်သားတည်း ပေါင်းစပ်ရရှိနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။

Infused Coffee မှာမူ ကော်ဖီထုတ်လုပ်မှု၊ လေ့ာ်မှု(သို့မဟုတ်) အခြားပြုပြင်ထုတ်လုပ်သည့် အဆင့်များတွင် အနံ့အရသာ ဖြည့်စွက်ပစ္စည်းများ ထည့်သွင်းအသုံးပြုသည့် နည်းလမ်းဖြစ်ပြီး အနံ့နှင့် အရသာတို့ ပေါင်းစပ်ခံစားရပုံမှာ Co-fermentation နှင့် ကွာခြားမှုရှိနိုင်သည်။ **(ဝဲပုံ)**



"မြန်မာနိုင်ငံ ကော်ဖီစျေးကွက်မှာ ကော်ဖီ Processing က Classic နည်းတွေဖြစ်တဲ့ Natural, Washed နဲ့ Honey နည်းစနစ်များအတိုင်း လုပ်ကြတယ်။ အခုပြောနေတဲ့ Infused coffee တို့ Co-fermentation coffee တို့က တခြားနိုင်ငံတွေ မှာ အသုံးများတဲ့ နည်းစနစ်တွေပါ" ဟု ကော်ဖီပညာရှင်တစ်ဦးက ဆိုသည်။

ထို့ကြောင့် Co-fermentation နည်းစနစ်ကို နည်းပညာပိုင်းအရ စနစ်တကျ လေ့လာဖော်ဆောင်ပြီး အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ပါက မြန်မာ့ကော်ဖီလုပ်ငန်းအတွက် တန်ဖိုးမြှင့်ထုတ်ကုန်သစ်များ ဖန်တီးနိုင်သည့် အခွင့်အလမ်းတစ်ခု ဖြစ်လာနိုင်ကြောင်း သိရသည်။ **ရွှေမန်း**

မြန်မာတစ်နိုင်ငံလုံး စားသုံးဆီ ရာနှုန်းပြည့် ဖူလုံစေရေး ဆီထွက်သီးနှံ ၈ ဒသမ ၄ သန်းကျော် တိုးချဲ့စိုက်ပျိုးမည်

နေပြည်တော် နိုဝင်ဘာ ၂၇



ပြည်တွင်းစားသုံးဆီ ရာနှုန်းပြည့် ဖူလုံပိုလျှံစေရေးနှင့် ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆီထွက်သီးနှံဧက ၉ ဒသမ ၄ သန်း ကျော်အထိ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်လည်း၊ ပန်းနှမ်းနှင့် ဆီကြိတ်ပဲပုပ် စသည့် ဆီထွက်သီးနှံများကို အဓိကထားစိုက်ပျိုးလျက်ရှိရာ ပြီးခဲ့သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်း ၉ ဒသမ ၃၉ ဧကသန်း စိုက်ပျိုးနိုင်ခဲ့သည်။ ယင်းသို့ စိုက်ပျိုးနိုင်ခဲ့မှုကြောင့် စားသုံးဆီ တန်ချိန် ၁ ဒသမ ၁၅ သန်းခန့် ထွက်ရှိခဲ့ပြီး တစ်နိုင်ငံလုံး ပျမ်းမျှ ဆီဖူလုံမှုမှာ ၈၀ ရာခိုင်နှုန်းဝန်းကျင်အထိ ရောက်ရှိလာခဲ့သည်။

"ဒေသတွင်း စားသုံးဆီ ဖူလုံမှုရှိစေဖို့အတွက် မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ သိပ္ပံနည်းကျ စိုက်နည်းစနစ် မှန်ကန်ရေး၊ မြေဩဇာနဲ့ ဂျစ်ပဆန်ကျောက်မှုန့်များ အချိုးကျ ထည့်သွင်းရေး အပြင် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိမ်နင်းရေး နည်းပညာများကို တောင်သူတွေဆီအရောက် ပံ့ပိုးပေးနေတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(အပေါ်ပုံ)**

လက်ရှိတွင် ဆီအိုးကြီးဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အပြင် ကရင်ပြည်နယ်တွင်လည်း စိုက်ဧကနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး အထူးစီမံချက်များဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ ဥပမာအားဖြင့် ကရင်ပြည်နယ်တွင် ယခင်နှစ်က ဆီဖူလုံမှု ၈၄ ဒသမ ၇၄ ရာခိုင်နှုန်း ရှိခဲ့ပြီး ယခုနှစ်တွင် ဆီထွက်သီးနှံ ဧရိယာ ၈၉၁၀၉ ဧက စိုက်ပျိုးရန် လျာထားသည်။

ထို့အပြင် မြေပဲ၊ နှမ်း၊ နေကြာ သုံးမျိုးအပြင် ဆီကြိတ်ပဲပုပ် (Soybean) ကိုပါ တိုးချဲ့စိုက်ပျိုးလာခြင်းကြောင့် ပဲပုပ်ဆီရရှိသည့်အပြင် ဘေးထွက်ပစ္စည်း ဖြစ်သော ပဲပုပ်ကြိတ်ဖတ်သည် ပြည်တွင်းမွေးမြူရေးကဏ္ဍအတွက် တိရစ္ဆာန်အစာအစာကုန်ကြမ်း အဖြစ် အသုံးဝင်သဖြင့် ပြည်ပသွင်းကုန် အစားထိုးနိုင်မည်ဖြစ်သည်။

ပြည်တွင်း၌ ဆီထွက်သီးနှံများ တိုးချဲ့ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှု လျော့ကျစေမည့်အပြင် ပြည်သူများအနေဖြင့် စာတုဆေးဝါးကင်းစင်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ဒေသထွက် မြေပဲဆီ၊ နှမ်းဆီနှင့် နေကြာဆီစစ်စစ်များကို စျေးနှုန်းသက်သာစွာ စားသုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

မိုးစပါးစိုက်တောင်သူများအတွက် မျိုးစေ့နှင့် မြေဩဇာသွင်းအားစုများ ပံ့ပိုးဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း မိုးစပါး စိုက်ပျိုးကြသည့် တောင်သူများအတွက် လိုအပ်သောမျိုးစေ့နှင့် မြေဩဇာသွင်းအားစုများကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ အပါအဝင် သက်ဆိုင်ရာရန်ပုံငွေများဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

သမဝါယမဦးစီးဌာနမှ တစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ် သမဝါယမအသင်းများမှတစ်ဆင့် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့် ညီမျှသော မျိုးစပါးနှင့် မြေဩဇာ သွင်းအားစုများ (အချို့ဒေသနှင့် အသင်းအလိုက် လိုအပ်ချက်အရ နှစ်သိန်းခွဲ၊ သုံးသိန်း စသည်ဖြင့်)ကို အဆင့်ဆင့် ဖြန့်ဝေ ပံ့ပိုးပေးလျက်ရှိသည်။

ထိုသို့ ပံ့ပိုးဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုရှိ မြို့နယ်ပေါင်း ၁၄၀ မှ သမဝါယမအသင်း ၁၀၂၅ သင်း၊ အသင်းသား ၃၀၄၆၇ ဦးတို့၏ စိုက်ဧက ၁၈၂၅၀၀ ကျော် အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေပြည်ထောင်စုမှ ငွေကျပ် ၂၂ ဒသမ ၇၅၉ ဘီလီယံနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ၂ ဒသမ ၇ ဘီလီယံ အပါအဝင် အသင်းနှင့် အသင်းသား ရန်ပုံငွေများဖြင့် စုစုပေါင်း ၄၅ ဒသမ ၈၈ ဘီလီယံ ထည့်ဝင် ပံ့ပိုးဆောင်ရွက်ထားကြောင်း သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးအောင်က ပြောသည်။

ထို့အပြင် ဝါစိုက်ပျိုးသည့် တောင်သူများအတွက်လည်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တောင်သူများ လိုအပ်သည့် သွင်းအားစုများကို ဆက်လက် ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



ဇီဝမီးသွေးကို စိုက်ပျိုးမြေတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် မြေဆီလွှာအရည်အသွေးတိုးတက်စေနိုင်

မန္တလေး နိုဝင်ဘာ ၂၇

ဇီဝမီးသွေး (Biochar) ကို စိုက်ပျိုးမြေတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် မြေဆီလွှာ၏ ရေထိန်းနိုင်စွမ်း၊ အာဟာရဓာတ်ထိန်းသိမ်းနိုင်စွမ်းနှင့် အကျိုးပြုအဏုဇီဝများ ရှင်သန်ပွားများနိုင်မှုတို့ကို တိုးတက်စေနိုင်ကြောင်း မြေအသုံးချရေးဌာနခွဲ (DOA) က အသိပေးထားသည်။



ဇီဝမီးသွေးသည် မြေဆီလွှာပြုပြင်ရေးတွင် အသုံးပြုသည့် အထောက်အကူပစ္စည်းတစ်မျိုး ဖြစ်ပြီး မြေထဲတွင် ရာစုနှစ်ချီတည်ရှိနိုင်သည့်အတွက် တစ်ကြိမ် ထည့်သွင်းအသုံးပြုခြင်းဖြင့်လည်း ကာလရှည်ကြာ အကျိုးသက်ရောက်မှုရှိနိုင်သည်။

ဇီဝမီးသွေးကို အသုံးပြုခြင်းဖြင့် အက်စစ်ဓာတ်များသော မြေ၏ ချဉ်ငန်ကိန်း (pH) မြင့်တက်လာစေခြင်း၊ မြေဆီလွှာ၏ ဓာတ်ဖလှယ်နိုင်စွမ်း (CEC)တိုးတက်လာစေခြင်းနှင့် ရေထိန်းနိုင်စွမ်း ကောင်းမွန်လာစေခြင်းတို့အပြင် အကျိုးပြုအဏုဇီဝများ ရှင်သန်ပွားများနိုင်ရန်လည်း အထောက်အကူပြုနိုင်သည်။

အထူးသဖြင့် သဲဆန်ပြီး မြေဩဇာနည်းပါးပြီး အက်စစ်ဓာတ်များသော မြေများတွင် ဇီဝမီးသွေး အသုံးပြုခြင်း၏ အကျိုးသက်ရောက်မှုကို ပိုမိုမြင်တွေ့နိုင်ပြီး မြေဩဇာကောင်းမွန်ပြီးသား မြေများတွင်မူ တုံ့ပြန်မှုနှေးကွေးနိုင်သည်။

သို့သော် ဇီဝမီးသွေးတိုင်းသည် မြေအမျိုးအစားနှင့် သီးနှံတိုင်းအတွက် ကိုက်ညီမှုမရှိနိုင်သည့်အတွက် အသုံးမပြုမီ ကုန်ကြမ်းအမျိုးအစား၊ မြေအခြေအနေနှင့် စိုက်ပျိုးမည့်သီးနှံတို့ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ထို့အပြင် ငန်သောမြေများတွင် အသုံးပြုမည်ဆိုပါက ချဉ်ငန်ကိန်း(pH)မိုမှဲသော ဇီဝမီးသွေးကို ရွေးချယ်သင့်ကြောင်း အကြံပြုထားသည်။

ဇီဝမီးသွေးကို အများအားဖြင့် မြေပြုပြင်ချိန်တွင် ထည့်သွင်းအသုံးပြုကြပြီး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာတို့နှင့် ရောစပ်အသုံးပြုနိုင်သည်။ အသုံးပြုရာတွင်လည်း မိမိမြေအခြေအနေနှင့် ကိုက်ညီသည့် ပမာဏကို ရွေးချယ်ရန် လိုအပ်သည်။

ဇီဝမီးသွေး၏ အရွယ်အစားမှာ ၂ မီလီမီတာမှ ၂၀ မီလီမီတာအတွင်း ရှိနိုင်ပြီး အရွယ်အစားကွာခြားမှုကြောင့် သီးနှံအထွက်နှုန်းအပေါ် သိသာသော ကွာခြားမှုမရှိသဖြင့် ထည့်သွင်းအသုံးပြုရလွယ်ကူပြီး ကုန်ကျစရိတ်သက်သာသည့် အရွယ်အစားကို ရွေးချယ်နိုင်ကြောင်း မြေအသုံးချရေးဌာနခွဲ (DOA) ၏ အကြံပြုချက်အရ သိရသည်။

(အပေါ်ဝဲပုံ) ရွှေမန်း

သီတင်းကျွတ်လပြည့်နေ့နှင့် အဘိဓမ္မာတရားတော်(၃)

ဒေါက်တာခင်ဝင်းကြည်

ယခင်ဆောင်းပါးတွေမှာ ဖော်ပြခဲ့ပြီးဖြစ်တဲ့အတိုင်း အဘိဓမ္မာတရားတော်ကြီးကို-

၁။ **ဘီစီ(၅၈၁)**သဗ္ဗညုတ ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူပြီး (၇)နှစ်အကြာ။

၂။ မာယာဒေဝီမိဖုရားကြီးဘဝမှာ မယ်တော်ဖြစ်ခဲ့တဲ့ **သန္တုသိတနတ်သားကို အဓိကထား၍** နတ်၊ ဗြဟ္မာပေါင်းများစွာကို။

၃။ **တာဝတိံသာနတ်ပြည်မှာ**။

၄။ **မိခင်ကျေးဇူးဆပ်**တဲ့အနေနဲ့ ဟောကြားခဲ့တာဖြစ်ပါတယ်။

(မယ်တော်ဟောင်းက နတ်ပြည်ခြောက်ထပ်ရှိရာမှာ စတုတ္ထထပ် တုသိတာနတ်ပြည်မှာ ရောက်နေတာပါ။ အဘိဓမ္မာတရားတော်ကိုတော့ ဒုတိယထပ် တာဝတိံသာနတ်ပြည်မှာ ဟောကြားတော်မူခဲ့တာပါ။)

တရားနာပရိသတ်ရဲ့ ဥဏ်ပညာအတိမ်အနက်ကို သိရှိနားလည်တော်မူသည်နှင့်အညီ မြတ်စွာဘုရားရှင်ဟာ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူတဲ့အခါမှာ သဗ္ဗညုတဥဏ်တော်ကြီးကို အစွမ်းကုန်ကွန့်မြူးပြီး **အမေး၊ အဖြေနည်းနဲ့တစ်မျိုး၊ အဘိဓမ္မာနည်းနဲ့တစ်ဖုံ** လိုအပ်တဲ့အခါ **သုတ္တန်နည်း**တို့ကိုပါ အသုံးပြုပြီး **နည်းမျိုးစုံနဲ့ အသေးစိတ်**ပြည့်စုံအောင် ဟောကြားတော်မူခဲ့ပါတယ်။

တာဝတိံသာမှာ ဟောကြားတော်မူခဲ့တဲ့ အဘိဓမ္မာတရားတော်ဟာ အလွန်မှ အသေးစိတ်ပြီး ဘက်စုံထောင့်စုံ၊ နည်းမျိုးစုံနဲ့ ဟောခဲ့တာဖြစ်လို့ **ဝါတွင်းသုံးလ**လုံးလုံး(ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ) ကြာမြင့်ခဲ့ပါတယ်။

ဒါက **လူပြည်မှ အချိန်ကာလအတိုင်းအတာအရမို့သာ(၃)လ**လို့ ပြောတာပါ။ တာဝတိံသာနတ်ပြည်မှာတော့ နတ်သက်အရ ဘယ်လောက်မှ ကြာမယ်မထင်ပါဘူး။ ကျွန်မ မှတ်မိသလောက်ပြောရရင် တာဝတိံသာနတ်တို့ရဲ့ သက်တမ်းဟာ နတ်တို့ရဲ့အရေအတွက်အရ နှစ်(၁၀၀၀)၊ လူတို့ရဲ့အရေအတွက်အရဆိုရင် (၃၆)သန်းပါ။

တရားဟောချိန်ကို ဘယ်လိုပဲတွက်တွက် မြတ်စွာဘုရားရှင်ဟာ အဘိဓမ္မာတရားတော်ကို ဟောကြားနေစဉ်ကာလမှာ **အသံတော်မစဲ တစ်ဆက်တစ်စပ်တည်း ဟောကြားတော်မူခဲ့ပါတယ်**။

မြတ်စွာဘုရားရှင်အနေနဲ့ သဗ္ဗညုတဥဏ်တော်ကြီးနဲ့တကွ ဒုက္ခသံသရာမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်း တရားကို သိရှိလွတ်မြောက်ပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ **ခန္ဓာဝန်**ကိုတော့ **ဆောင်ထားရဆဲ**(နောက်ဆုံးဘဝအနေနဲ့) ရှိနေဆဲဖြစ်လို့ နေ့စဉ် **ဆွမ်းခံချိန်**အခါတိုင်းမှာ **ဥတ္တရကုရုမြောက်ကျွန်း**သို့ ဆွမ်းခံကြွတော်မူပြီး **အနောတတ်ရေအိုင်**ကမ်းစပ်မှာ **ဆွမ်းဘုဉ်းပေးတော်မူပါတယ်**။

အဲ့ဒီလို မြတ်စွာဘုရားရှင် ဆွမ်းခံကြွချိန်၊ ဆွမ်းဘုဉ်းပေးချိန်အတွင်းမှာ တရားဟောတာကို ရပ်သွားတယ်ဆိုတာမျိုး မဖြစ်အောင်မိမိရဲ့ကိုယ်စား **နိမိတ္တရုပ်ပွားတော်ကို တရားဆက်လက်ဟောကြားနေရန် အဓိဋ္ဌာန်ပြုဟောကြားစေတော်မူခဲ့ပါတယ်**။

မြတ်စွာဘုရားရှင် **ဆွမ်းဘုဉ်းပေးတဲ့ကိစ္စပြီးတဲ့အချိန်တိုင်း**မှာ မြတ်စွာဘုရားရှင်ကို လာရောက်ဝေယျာဝစ္စဆောင်ရွက်ပေးနေတဲ့ **ရှင်သာရိပုတ္တရာမထေရ်မြတ်**ကို တာဝတိံသာမှာ ဟောကြားခဲ့တဲ့ အဘိဓမ္မာဒေသနာတော်ကို **နေ့ချင်းပဲ ပြန်လည်ချီးမြှင့်တော်မူခဲ့ပါတယ်**။

ရှင်သာရိပုတ္တရာကို ဟောကြားတော်မူတဲ့အခါမှာတော့ တာဝတိံသာမှာ ဟောကြားခဲ့သလို အသေးစိတ်မဟောတော့ဘဲ **အကျဉ်းနည်းနဲ့(အကျဉ်းချုပ်)ဟောတော်မူခဲ့ပါတယ်**။

အားလုံးသိရှိပြီးဖြစ်တဲ့အတိုင်း ရှင်သာရိပုတ္တရာဆိုတာ **ဥဏ်ပညာအရာ**မှာ(ဘုရားရှင်မှအပ) အထူးချွန်၊ အထက်မြက်ဆုံး **စေတဒဂ်**ရတဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် မဟုတ်ပါလား။

ဒီတော့ ဘုရားရှင်က အဘိဓမ္မာကို အကျဉ်းဟောတာကို တစ်ခါတည်း **အကျယ်တစ်ခါတည်း နားလည်တော်မူပါတယ်**။

နေ့ချင်းပဲ ရှင်သာရိပုတ္တရာက တစ်ဖန် သူ့ရဲ့ **တပည့်ရဟန်း(၅၀၀)**ကို **မကျဉ်းမကျယ်နည်း**သုံးပြီး ထပ်မံဟောကြားတော်မူခဲ့ပါတယ်။

အဲ့ဒီရဟန်း(၅၀၀)အကြောင်း ကျွန်မတို့အားလုံး ကြားဖူးကြပြီး ဖြစ်မယ်ထင်ပါတယ်။ ဂေါတမဘုရားရှင် မပေါ်ပေါက်သေးမီဟိုးရှေးရှေးတုန်းက ဂူကြီးတစ်ဂူထဲမှာ မှီတင်းနေထိုင်ကြတဲ့ **လင်းနို့(၅၀၀)** ဘဝတွေ တစ်ခုပြီးတစ်ခုပြောင်းခဲ့ကြပြီး ဂေါတမဘုရားရှင် လက်ထက်မှာ **ရှင်သာရိပုတ္တရာရဲ့ တပည့်ရဟန်း(၅၀၀)** ဖြစ်လာကြတာပါ။

သူတို့တစ်တွေပြောခဲ့တဲ့ လင်းနို့သား(၅၀၀)ဘဝတုန်းက သူတို့နေတဲ့ဂူကြီးထဲမှာ **ရဟန်းတစ်ပါး**လည်း လာရောက်သီတင်းသုံးတော်မူခဲ့ပါတယ်။

အဲ့ဒီရဟန်းတော်ကလည်း ရဟန်းပီပီ နေ့စဉ်နဲ့အမျှ သူလေ့လာသိရှိထားသမျှ **တရားတော်များကို အသံထွက်ရွတ်ဆိုလေ့ရှိပါတယ်**။

လင်းနို့သားတွေအနေနဲ့ အဟိတ်တိရစ္ဆာန်တွေဖြစ်လို့ **အဓိပ္ပာယ်ကို နားလည်နိုင်စွမ်းမရှိခဲ့ကြပါဘူး**။ ဒါပေမဲ့ အဲ့ဒီရဟန်းတော်ရွတ်ဆိုနေတာတွေကို(နားမလည်ပေမယ့်)ကောင်းမြတ်တဲ့အကြောင်းအရာတစ်ခုခုကို ရွတ်ဆိုနေတာဖြစ်မယ်ဆိုပြီး **ငြိမ်ငြိမ်လေး နာယူလေ့ရှိခဲ့ပါသတဲ့**။ တိရစ္ဆာန်ဆိုပေမယ့် **အသိဉာဏ် အနည်းနဲ့အများရှိဟန်တူပါတယ်**။

အဲ့ဒီ မထင်မှတ်စရာ ကုသိုလ်ကောင်းမှုရဲ့ အကျိုးဆက်ကြောင့်မို့ နောက်ဆုံး ဂေါတမဘုရားရှင်လက်ထက်မှာ ရှင်သာရိပုတ္တရာထံမှာ တပည့်ရဟန်း(၅၀၀)ဘဝ ရရှိတော်မူခဲ့ပါတယ်။

၁။ အဘိဓမ္မာဒေသနာတော်ကို လူပုဂ္ဂိုလ်မှာ ပထမဆုံးအနေနဲ့ ဘုရားရှင်မှ **ရှင်သာရိပုတ္တရာ**သို့ အကျဉ်းနည်းဖြင့် ဟောတဲ့တရားတော်ကို။

၂။ မကျဉ်းမကျယ်နည်းနဲ့ ရှင်သာရိပုတ္တရာမထေရ်မြတ်ထံမှ နာယူခွင့်ကြုံတော်မူခဲ့ကြပါတယ်။

ကုသိုလ်ထူးလိုက်ကြတာနော်။ ကျွန်မတို့တစ်တွေ အဲ့ဒီ **လင်းနို့သား(၅၀၀)**ကို တကယ့်ကို **အတုယူကြရမှာပါ**။ ဆရာတော်ရွတ်ဆိုတဲ့ တရားတော်တွေကို နားမလည်ပေမယ့် ငြိမ်သက်ရိုသေစွာ နာယူဖို့လောက်သာသိတဲ့ လင်းနို့သား(၅၀၀)ထက် ကျွန်မတို့ လူတွေက ပိုပြီးလုပ်နိုင်ရမှာ မဟုတ်ပါလား။ ကျွန်မတို့ သတိလက်လွတ်မနေသင့်ဘူးထင်ပါတယ်။

အဲ့ဒီ ရဟန်း(၅၀၀)ကို ရှင်သာရိပုတ္တရာအရှင်မြတ် မကျဉ်းမကျယ်နည်းနဲ့ ဟောကြားတော်မူခဲ့တဲ့ အဘိဓမ္မာတရားတော်သည်ပင် ကျွန်မတို့ အခုသိနေကြတဲ့ **အဘိဓမ္မာ(၇)ကျမ်း**ဖြစ်ပါတယ်။ အဲ့ဒီ(၇)ကျမ်းကတော့-

၁။ **ဓမ္မသင်္ဂဏီကျမ်း**

၂။ **ဝိဘင်းကျမ်း**

၃။ **ဓာတုကထာကျမ်း**

၄။ **ပုဂ္ဂလပညတ်ကျမ်း**

၅။ **ကထာဝတ္ထုကျမ်း**

၆။ **ယမိုက်ကျမ်း**

၇။ **ပဋ္ဌာန်းကျမ်း**တို့ ဖြစ်ပါတယ်။

ကျွန်မတို့သိပြီးဖြစ်တဲ့အတိုင်း အဘိဓမ္မာဆိုတာ အလွန်မှ နက်နဲသိမ်မွေ့တယ်၊ အသေးစိတ်တယ်။ ဒီအထဲ ကျွန်မတို့အတွက် သိပ်ပြီး ရင်းနှီးမှုမရှိတဲ့ ပါဠိဘာသာနဲ့ ဘုရားရှင်က ဟောကြားခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် မူရင်း(၇)ကျမ်းကို လေ့လာကျက်မှတ်ဖို့ဆိုတာ တော်ရုံလူအနေနဲ့ အတော်မလွယ်တဲ့ကိစ္စ ဖြစ်ပါတယ်။ များကလည်းများ၊ ခက်ကလည်းခက်နဲ့ တော်ရုံဇွဲ၊ တော်ရုံဉာဏ်ရည်နဲ့ မရနိုင်လောက်ပါဘူး။

ကံကောင်းထောက်မစွာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၁၀၀၀)ကျော်လောက်က အိန္ဒိယတောင်ပိုင်းမှ မထေရ်မြတ်တစ်ပါးဖြစ်တဲ့ **ရှင်အနရုဒ္ဓါမထေရ်မြတ်**က သီဟိုဠ်ကျွန်း(ယခု သီရိလင်္ကာ)မှာ သီတင်းသုံးနေစဉ် **မူရင်းကျမ်းများကို အနှစ်ထုတ်**၍ အကျဉ်းချုပ်အားဖြင့် **အဘိဓမ္မတ္ထသင်္ဂဟကျမ်း**ကို ရေးသားပြုစုတော်မူခဲ့ပါတယ်။

ရှင်အနရုဒ္ဓါ၏ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ အဘိဓမ္မာ(၇)ကျမ်းကို အနှစ်ချုပ်၍ **အပိုင်း(၉)ပိုင်း၊ ကဏ္ဍ(၉)ခု**ခွဲပြီး စနစ်တကျစုစည်းတင်ပြထားပါတယ်။

ကျွန်မတို့ရဲ့ အဘိုးတွေ၊ အဖေတွေ၊ ဆရာတော်ဘုရားတို့ဆီမှာ အရေး၊ အဖတ်၊ အတွက်သင်ရင်း တစ်ခါတည်းကျက်မှတ်သင်ယူခဲ့ကြရတဲ့ သဂြိုဟ်ကိုးပိုင်း ဆိုတာပဲဖြစ်ပါတယ်။ အဲ့ဒီ သဂြိုဟ်ကိုးပိုင်းကတော့-

၁။ **စိတ်ပိုင်း**

၂။ **စေတသိက်ပိုင်း**

၃။ **ပကိဏ်းပိုင်း**

၄။ **ဝီထိပိုင်း**

၅။ **ဝီထိမုတ်ပိုင်း**(ဘုံပိုင်း)

၆။ **ရုပ်ပိုင်း**

၇။ **သမုစ္စည်းပိုင်း**

၈။ **ပစ္စည်းပိုင်း**

၉။ **ကမ္မဋ္ဌာန်းပိုင်း**တို့ ဖြစ်ပါတယ်။

ဆောင်းပါးအစမှာ ပြောခဲ့တဲ့အတိုင်း အဘိဓမ္မာဆိုတာ-

၁။ **နက်နဲတယ်**၊ သိမ်မွေ့တယ်။ ဒါကြောင့် နားလည်ဖို့ အတော်ကို ကြိုးစားရပါမယ်။ ဒါကြောင့်လည်း အဘိ+ဓမ္မာလို့ ခေါ်တာပါ။

၂။ ဟောကြားထားတာမှာလည်း တရားနာပရိသတ်(သန္တုသိတနတ်သားနဲ့ နတ်၊ ဗြဟ္မာအများအပြား)နားလည်အောင် **နည်းမျိုးစုံနဲ့** ဟောထားပါတယ်။

၃။ ဓမ္မကွန္ဓာပေါင်း(၈၄၀၀၀)ရှိရာမှာ ဝိနည်းနဲ့သုတ္တန်က(၂၁၀၀၀)စီသာရှိပြီး **အဘိဓမ္မာက (၂)ဆ (၄၂၀၀၀)**ရှိပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် **တစ်စက်ကျများ၊ ပြည့်သောလားသို့၊ ပျား၏နည်းထုံး၊ မှတ်ကျင့်သုံး၍** ကျွန်မတို့ မြတ်စွာဘုရားရှင်ရဲ့ အဘိဓမ္မာတရားတော်ကို လေ့လာကြရအောင်ပါ။ ကျွန်မတို့ အသက်ဘယ်လောက်အထိ နေကြရမလဲ မသိပါဘူး။ ဒါပေမဲ့ တစ်နေ့ပြီး တစ်နေ့ နည်းနည်းချင်းဖြစ်ဖြစ် ကြိုးစားလေ့လာရင်း ဘဝကို အကျိုးရှိရှိ ဖြတ်သန်းသွားကြရအောင်ပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

ဈေးကွက်ဝင် ခွံဝါငှက်ပျောသီးမွှေး စနစ်တကျ စိုက်ပျိုးနည်းစနစ်

ဈေးကွက်ဝယ်လိုအားကောင်းမွန်ပြီး စနစ်တကျစိုက်ပျိုးပါက အကျိုးအမြတ်များစွာ ရရှိနိုင်သည့် ခွံဝါငှက်ပျော (သီးမွှေးငှက်ပျော)အား အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေးနည်းစနစ် အဆင့်ဆင့်ကို စုစည်းဖော်ပြအပ်ပါသည်။

ခွံဝါငှက်ပျောသီးမွှေး စိုက်ပျိုးရာတွင် မြေအမျိုးအစား ရွေးချယ်မှုမှာ အရေးကြီးပြီး ရေစီးရေလာကောင်းမွန်သည့် သဲနုန်းမြေ(သို့မဟုတ်)နုန်းမြေများတွင် စိုက်ပျိုးသင့်ကာ မြေစေးလွန်းပါက အမြစ်ပုပ်တတ်သဖြင့် ရှောင်ကြဉ်ရမည်ဖြစ်သည်။ မြေဆီလွှာ ချဉ်ငန်ကိန်း(စံ) မှာ ၅ ဒသမ ၅ မှ ၇ ဒသမ ၅ ကြားရှိရန် လိုအပ်ပြီး တစ်နေ့လျှင် နေရောင်ခြည်အနည်းဆုံး ၆ နာရီခန့် အပြည့်အဝ ရရှိရန် လိုအပ်သည်။

စိုက်ပျိုးရန် မြေပြင်ရာတွင် တစ်ပင်နှင့်တစ်ပင် ၈ ပေပတ်လည်(သို့မဟုတ်)၉ ပေပတ်လည် အကွာအဝေးထား၍ အလျား၊ အနံ၊ အနက် ၂ ပေ ပတ်လည်ရှိ စိုက်ကျင်းများ တူးဖော်ရမည်ဖြစ်ပြီး တူးပြီးသားကျင်းထဲသို့ နွားချေးဆွေး(သို့မဟုတ်)ကွန်ပေါင်းမြေသြဇာ အနည်းငယ်ကို အပေါ်ယံမြေနှင့် ရောစပ်ကာ မြေခံအဖြစ် ပြန်လည်ထည့်သွင်းထားရမည်ဖြစ်သည်။

မျိုးရွေးချယ်စိုက်ပျိုးရာတွင် ရောဂါကင်းစင်ပြီး သန်စွမ်းသော 'ဓားသွားရွက်' ပါရှိသည့် ငှက်ပျောသားတက်များကို ရွေးချယ်ရမည်ဖြစ်ကာ အထွက်နှုန်း ပိုမိုညီညာစေရန် တစ်ရှူးပွားပင် (Tissue Culture) များကို လည်း အသုံးပြုစိုက်ပျိုးနိုင်သည်။ အကောင်းဆုံး စိုက်ပျိုးချိန်မှာ မိုးဦးကျကာလဖြစ်သည့် မေလနှင့် ဇွန်လတို့ဖြစ်ပြီး ပျိုးပင်ကို ကျင်းအလယ်တွင် တည့်မတ်စွာစိုက်ပျိုးကာ မြေကို ကြပ်အောင် နင်းပေးရမည်ဖြစ်သည်။

အပင်ပြုစုစောင့်ရှောက်မှု အပိုင်းတွင် ငှက်ပျောပင်သည် ရေကြိုက်သော်လည်း ရေဝပ်ခြင်းကို မနှစ်သက်သဖြင့် နွေရာသီ၌ ပုံမှန်ရေသွင်းပေးရန် လိုအပ်သည်။ မြေသြဇာကျွေးရာတွင် အပင်ပေါက်ပြီး နှစ်လအကြာ၌ နိုက်ထရိုဂျင်မြင့်မားသော မြေသြဇာကို ကျွေးရမည်ဖြစ်ပြီး အပင်သက်တမ်းတစ်လျှောက် ပိုတက်စီယမ် (Potash) ပါဝင်သော မြေသြဇာကို ပုံမှန်ကျွေးပေးခြင်းဖြင့် အခွံဝါ၍ အသီးလှပစေမည်ဖြစ်သည်။ ထို့ပြင် အပင်မအုံစေရန် မိခင်ပင်ဘေးမှ ထွက်လာသော သားတက်များအနက် တစ်ပင်(သို့မဟုတ်) နှစ်ပင်သာ ချန်လှပ်ပြီး ကျန်သားတက်များကို လှီးဖြတ် ဖယ်ရှားပေးရမည် ဖြစ်သည်။

ပိုးမွှားနှင့် ရောဂါကာကွယ်ရေးအတွက် အရွက်များ ဝါ၍ ညှိုးကျစေတတ်သည့် ပနားမားရောဂါ(ပင်ညှိုးရောဂါ)မကျရောက်စေရန် စိုက်ခင်းအတွင်း ရေမဝပ်အောင် ဂရုစိုက်ခြင်းနှင့် လိုအပ်ပါက မှိုသတ်ဆေးအသုံးပြုခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကာ ပင်စည်အတွင်းသို့ ထိုးဖောက်ဖျက်ဆီးတတ်သည့် ငှက်ပျောပိုးများကိုလည်း အစဉ်တစိုက် ဂရုပြုစစ်ဆေးကာကွယ်သွားရမည်ဖြစ်သည်။

ရွှေမန်း

၀-၀-၀-၀-၀

"ဟိုလောင်းပန်းပွင့် ဘယ်ဂုဏ်နှင့် ဝင့်မတုန်း" စာအုပ်ဖြင့် စာပေချစ်မြတ်နိုးသူအဖွဲ့ဝင်များနှင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက စာရေးဆရာမ ရွှေဌာ ရေးသားထားသော 'ဟိုလောင်းပန်းပွင့် ဘယ်ဂုဏ်နှင့် ဝင့်မတုန်း' စာအုပ်ဖြင့် ပြည်ကြီးတံခွန်မြို့နယ် စာရေးဆရာအသင်းအဖွဲ့များနှင့် စာပေချစ်မြတ်နိုးသူ Book Club အဖွဲ့ဝင်များ ပူးပေါင်း၍ စာဖတ်ဝိုင်း ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ကြီးတံခွန်မြို့နယ် စာရေးဆရာအသင်းအဖွဲ့များဖြစ်သည့် စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ ဦးယဉ်မွန်အောင်၊ အတွင်းရေးမှူး မောင်သန်းဝင်း (တမာမြေ)၊ စာရေးဆရာ မြနန္ဒာ ဥာဏ်ဝေ၊ စာရေးဆရာ မြန်မာမှုအေးပေါ၊ စာရေးဆရာ သူမြတ်နိုင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် ဦးစီးအရာရှိ ဒေါ်ခင်စောလွင်တို့က စာရေးဆရာ ရွှေဌာ ရေးသားထားသော 'ဟိုလောင်းပန်းပွင့် ဘယ်ဂုဏ်နှင့် ဝင့်မတုန်း' စာအုပ်မှ လူငယ်များအတွက် ခွန်အားဖြစ်စေမည့် အကြောင်းအရာများအား စာပေချစ်မြတ်နိုးသူ Book Club အဖွဲ့ဝင်များနှင့် ဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)
စင်မင်းမောင်
(ခရိုင်၊ ပြန်/ဆက်)

o-o-o-o-o-o-o



စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှု (Library Campaign) ကျင်းပ

ကျိုင်းတုံ နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ကျွန်ုပ်တို့ စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ (My Library, My World Campaign) အမည်ဖြင့် စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှု (Library Campaign) ကို နိုဝင်ဘာ ၂၅ ရက်က ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ ခရိုင်ပြည်သူ့စာကြည့်တိုက်နှင့်လူထုအခြေပြုဗဟိုဌာနခန်းမတို့တွင် ဆောင်ရွက်ခဲ့သည်။



ထို့သို့ စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှု (Library Campaign) တွင် တစ်အောင်ကိုယ်ပိုင် အထက်တန်းကျောင်းများမှကျောင်းသား၊ ကျောင်းသူလူငယ်များအား လူငယ်စာပေကလပ်များဖွဲ့၍ စာအုပ်များကို ဖတ်ကြားသုံးသပ်ပြောဆိုခြင်း၊ ကလေးစာဖတ်ခန်းတွင် ပုံပြင်ပြောပြိုင်ပွဲကျင်းပခြင်း၊ ပုံဆွဲခြင်း၊ ခရိုင်ပြည်သူ့စာကြည့်တိုက်အတွင်းရှိ စာအုပ်၊စာစောင်များကို လေ့လာဖတ်ရှုစေခြင်း၊ အသိပညာပေးဟောပြောခြင်း၊ ကလေးတိုင်း စာဖတ်စေရေး၊ စာဖတ်သူလူငယ်များ၏ အနာဂတ်တောက်ပစေရေး၊ မိသားစုနှင့်အတူ စာပေဖတ်ရှုသည့် အလေ့အထကောင်းများရရှိစေရေးအစီအစဉ်များနှင့် စာကြည့်တိုက်မှ အသိပညာများ တိုးပွားရရှိစေရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းသန့်နှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)မြို့နယ်(ပြန်/ဆက်)

အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ။



ဖတ်စရာ၊ မှတ်စရာ စုံလင်

မန္တလေး

တို့ယာခင်း

* မြေတလင်း စိမ်းမြယာ
ယိမ်းကရှာ ရှုမဆုံး
မြောက်ပြန်လေ အကြိုထောက်
နှင်းသောက်နေတုန်း ။
* အရိုးပေါ် အရွက်မဖုံး
ပုရစ်ဖူးတွေက ပင်ဦးမှာ
ကောင်းကင်အိမ် သဘင်ခင်း
မြူနှင်းခြုံလွှာ ။
* ကျေးငှက်တို့ သံသာသာ
တို့ရေမြေ တို့လယ်တော
ဘူး ၊ သခွား ၊ ဖရုံရော
ထူးခြားအစုံပေါ ။
* မျိုးနွယ်ဆွေ ပေါင်းစုံထား
တို့ပြည်ရွာ အလှရွန်းတယ်
ထွန်းပ စည်ကား ။ ။

မောင်မောင်လင်းထွင့်(နန်းတော်ရှေ့)

အစိုးရနည်းပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

ကျောက်ဆည် နိုဝင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့ပူးပေါင်း၍ နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ စာပေဗဟုသုများ တိုးပွားစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့် သတ္တိများရှိလာစေရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်) ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အစိုးရနည်းပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇာနည်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ဦးဆောင်၍ လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပခဲ့ရာ အစိုးရနည်းပညာအထက်တန်းကျောင်း(2 EP) မှ မောင်အေးမြင့်ဇော်က 'လူငယ်နှင့်အနာဂတ်'၊ (2 BT) မှ မဆုပြည့်ရဲနောင်က 'လူငယ်နှင့်ယဉ်ကျေးမှုအမွေအနှစ်'၊ (1 GTHS) မှ မနေနွယ်ဇော်နိုင်က 'လူငယ်နှင့်စာပေ' (1 Tech) မှ မလင်းဇော်နိုင်က 'လူငယ်နှင့်ကျန်းမာရေး' ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးခဲ့ရာ စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)
(၄၈၅)

o-o-o-o-o-o



စာရေးဆရာ၊ ဒါရိုက်တာ လူရွင်တော်ကြီး ဦးချစ်စရာ၏ စိန်ရတုအကြို ဂုဏပူဇာ အာစရိယပူဇော်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၇

လူငယ်လူရွင်တော်လေးများကို ပြုစုပျိုးထောင်ပြီး ပညာအမွေကို ယနေ့တိုင် လက်ဆင့်ကမ်းပေးခဲ့သည့် မန္တလေးမြို့မှ စာရေးဆရာ၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ လူရွင်တော်ကြီး ဦးချစ်စရာ၏ စိန်ရတုအကြိုမွေးနေ့ ဂုဏပူဇာ အာစရိယပူဇော်ပွဲကို (တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်)နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ မန္တလေး၊ လမ်း ၈၀၊ လမ်း၄၀နှင့်၄၁လမ်းကြားရှိ အေးငြိမ်းအောင်မြင်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။



အဆိုပါ အာစရိယပူဇော်ပွဲကို သားတပည့် လူရွင်တော်များနှင့် တပည့်သားသမီးများက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး စာပေ၊ သဘင်၊ ဂီတ၊ အငြိမ့်၊ ဆိုင်းနှင့် ဘိသိက် အနုပညာရပ်ဝန်းမှ အနုပညာရှင်များ တက်ရောက်ခဲ့ကြကာ ကန်တော့ငွေကျပ် သိန်း ၈၀ ကျော်ဖြင့် ဂါရဝပြု ကန်တော့ကြသည်။

အခမ်းအနားတွင် လူရွင်တော် ဘဲတောက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ဦးချစ်စရာ ၏ သူငယ်ချင်းဖြစ်သူ စာရေးဆရာ၊ ကဗျာဆရာ မောင်သင်းပန်က မုဒိတာစကား ပြောကြားသည်။ ဆက်လက်၍ ကန်တော့ခံဆရာကြီး ဦးချစ်စရာက ဝမ်းမြောက်စကားနှင့် သြဝါဒစကားပြောကြားပြီး သမီးဖြစ်သူ အဆိုတော် နိုနိုက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် လူငယ်လူရွင်တော်ချစ်တိုးနှင့် လူရွင်တော်ဒေါ်လာတို့က ဂုဏ်ပြုပွဲကျင်းပရခြင်းအကြောင်းနှင့် ဆရာ ဦးချစ်စရာ အပါအဝင် သမ္ဘာရင့် လူရွင်တော်ကြီးများထံမှ ပညာယူခဲ့ရပုံများကို ရှင်းလင်းပြောကြားခဲ့ကြသည်။

အခမ်းအနားသို့ ကြွရောက်လာသည့် ဧည့်ပရိသတ်များအား နိုနိုမြန်မာမှုတေးဂီတအဖွဲ့နှင့်အတူ အဆိုတော် နိုနို၊ ဇာတ်မင်းသား ဝင်းနောင်၊ ရွှေမန်းသူ မြင့်မြင့်သန်းနှင့် ပန်တျာခင်မြလွင်(ဆိုင်း) စသည့် အနုပညာရှင်များက အဆို၊ အက၊ အလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး လက်ဖက်ရည်၊ စမူဆာ၊ ကိတ်မုန့်နှင့် လက်ဖက်ပဲကြော်စုံတို့ဖြင့် ဧည့်ခံကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(၀၇၀)



ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်များ လှူဒါန်း

မန္တလေး နိုဝင်ဘာ ၂၇

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တည်ထောင် ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ ဒေါနဘွားရပ်ကွက်ရှိ နန်းတော်ရှေ့ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင်ရန်ကုန်မြို့နေ ကွယ်လွန်သူ မိဘနှစ်ပါးနှင့် ဦးမြလှိုင်တို့အား ရည်စူး၍ ဒေါ်ချိုချို မိသားစုက ဆေးပဒေသာပင် ငွေကျပ်သိန်း ၂၀၊ ဒေါ်စုစုလှိုင်က ငွေကျပ် တစ်သိန်းတို့ကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် ပေးအပ်လှူဒါန်းရာ ဆေးရုံဥပတ္တမ္ဘကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့်၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန၊ ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၁)

၀-၀-၀-၀-၀-၀

ခုတင် ၁၀၀ ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံ(မန္တလေး)မှ သမားတော်များ ကွင်းဆင်းဆေးကုသပေး

မန္တလေး နိုဝင်ဘာ ၂၇

(၂၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နိုဝင်ဘာ ၂၅ရက် နံနက်ပိုင်းက မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင် ကျေးရွာ ဓမ္မာရုံတွင် ခုတင် ၁၀၀ ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံ(မန္တလေး)မှ သမားတော်များက အခမဲ့ကွင်းဆင်းဆေးကုသခဲ့ကြသည်။

ရှေးဦးစွာ ခုတင် ၁၀၀ ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံမှ ဒုတိယဆေးရုံအုပ် ဒေါ်သိန်းထိုက်၊ အကြီးတန်းတိုင်းရင်းဆေးမှူး ဒေါ်စောယုအောင်၊ အကြီးတန်း တိုင်းရင်းဆေးမှူး ဒေါ်သီဂီထွန်းတို့က တိုင်းရင်းဆေးပညာအကြောင်းနှင့် တိုင်းရင်းဆေးရုံများတွင် WARD အလိုက် လူနာများကို အခမဲ့လက်ခံကုသပေးမှုများကို ပြောကြားခဲ့သည်။



ဆက်လက်၍ အခမဲ့ကွင်းဆင်း ဆေးကုသမှုသို့ လိုက်ပါလာကြသော တိုင်းရင်းဆေးသမားတော် ၁၇ ဦးက ကျေးရွာပြည်သူ လူနာ ၇၈ ဦး၏ အထွေထွေရောဂါများကို ကုသပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၇၀)

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

မိုင်းယောင်း နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၂၆) သင်တန်းဆင်းပွဲ ကျင်းပသည်။ **(ဝဲပုံ)**



ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘွန်းစီတို့က မိတ်ဆက်အမှာစကားများ ပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းနေလှိုင်တို့က အရန်မီးသတ်တပ်ဖွဲ့ဝင်များအား သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ခဲ့ကြသည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၂ ရက်မှ ၂၇ ရက်အထိ ဖွင့်လွှင့်ခဲ့ပြီး မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(၅၀၅)

နယ်လှည့်စာကြည့်တိုက် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

မိုင်းယု နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ စာအုပ်၊ စာပေ ဖတ်ရှုနိုင်ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး ရည်ရွယ်ချက်များဖြင့် ယနေ့နံနက်ပိုင်းက အ-ထ-က (မိုင်းယု)၌ နယ်လှည့်စာကြည့်တိုက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခဲ့သည်။

စာအုပ်၊ စာစောင်များကို ငှားရမ်းပေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဦးအားချာနှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူ လူငယ်များ၏ စဉ်းစားတွေးခေါ်မှုရင့် သန်လာစေရေး ဒဿနိက ဆိုင်ရာ မျိုးတူစုစာအုပ်များ၊ စာပေ ဆိုင်ရာ စာအုပ်များ၊ ရသစာပေ ဆိုင်ရာ မဂ္ဂဇင်း၊ အပေါ်ဖတ်ဝတ္တုနှင့် ရုပ်ပြစာအုပ်များ သယ်ယူကာ ခင်းကျင်းပြသပြီး ငှားရမ်းဖတ်ရှုနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည်။

နယ်လှည့်စာကြည့်တိုက် ဆိုင်ရာ စာအုပ်များ ငှားရမ်းပေးခြင်းကို စာသင်ကျောင်းများ၊ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများရှိရာ လူစည်ကားသည့် ဈေးတန်းများသို့ သွားရောက်၍ စာအုပ်၊ စာစောင်များကို အလှည့်ကျ ကွင်းဆင်းငှားရမ်းပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မိုင်းယု(ပြန်/ဆက်)**

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေများ စနစ်တကျသုံးစွဲရေးဆိုင်ရာ အသိပညာပေး

နောင်ချို နိုဝင်ဘာ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေအရင်းအမြစ် လျော့နည်းမှုနှင့် သောက်သုံးရေအား စနစ်တကျသုံးစွဲရေးဆိုင်ရာ အသိပညာပေးခြင်းကို ယနေ့ နံနက်ပိုင်းက နောင်ချိုကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဝင်းက နောင်ချိုကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ရေကို အလေအလွင့်မရှိ စနစ်တကျ အသုံးပြုရန်နှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန်၊ ရေရှားပါးမှုဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာ ထိန်းသိမ်းထားရှိရန်နှင့် ရေကို လိုအပ်သလောက်သာ သုံးစွဲရန် အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့သည်။ **(အောက်ဝဲပုံ)**

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော တာဝန်ရှိသူများက အယ်လ်နီညိုရာသီဥတုကြောင့် ကျရောက်လာနိုင်သည့် အခြေအနေများ၊ အကျိုးသက်ရောက်နိုင်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့် အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ရမည့် အချက်များ ပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



စိန်လွင်(ကျေးလက်)

နံကောက်မျိုး မိုးစပါးစံကွက်ရိတ်သိမ်းမှု တစ်ဧကလျှင် အခြောက် ၁၁၃ ဒသမ ၀၆ တင်း ထွက်ရှိ



ဒက္ခိဏ နိုဝင်ဘာ ၂၇

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ဒက္ခိဏ သီရိမြို့နယ်၊ ရွာမကျေးရွာအုပ်စုတွင် နံကောက်မျိုး မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ကွင်းအမှတ် ၁၆၇၂ ကွင်း၊ ဦးပိုင်အမှတ်(၃၆) အတွင်းရှိ တောင်သူ ဦးဇော်ဇော်၏ လယ်မြေ ငါးဧက၌ ဆောင်ရွက်ခဲ့ရာ စံကွက်ရိတ်သိမ်းမှုအရ နံကောက်မျိုးမိုးစပါး အစိုအထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၁၃၀ နှင့် အခြောက်အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၁၃ ဒသမ ၀၆ တင်း ထွက်ရှိခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်၊ လယ်ဝေးခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်မြင့်ထွေးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် အထွက်နှုန်းကောင်းမွန်စေရေး အတွက် မျိုး၊ မြေ၊ ရေ၊ နည်းစနစ်တကျ မှန်ကန်အောင် စိုက်ပျိုးကြရန်နှင့် ရေပေးမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ကြရန် လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
သျှင်ဦးမောင်(ဒက္ခိဏ)



မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၂၇

အရက်၊ ကွမ်း၊ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးအန္တရာယ်များကို သိရှိနားလည်ပြီး မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲကို အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံး၊ ပြင်ဦးလွင်မြို့နယ် ပညာရေးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းခွဲ (ပြင်ဦးလွင်)တို့ ပူးပေါင်း၍ စီစဉ်ကျင်းပခြင်း ဖြစ်သည်။

ဟောပြောပွဲတွင် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဆရာမကြီး ဒေါ်ခင်မာအေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အသိပညာပေးဟော ပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကို အသင်းဥက္ကဋ္ဌ ဦးစိုင်းနိုင်ဝင်းမြင့်က ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မူးယစ်ဆေးဝါး၏ သမိုင်းကြောင်း၊ သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများနှင့် အန္တရာယ်များအကြောင်းကို ဦးခင်မောင်ထွေးက အသိပညာပေးဟောပြောပို့ချခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦးနှင့် ဆရာ၊ ဆရာမ ခုနစ်ဦး တက်ရောက်ခဲ့ကြပြီး ဟောပြောပို့ချခဲ့သည့် မူးယစ်ဆေးဝါးဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ အမေး၊ အဖြေကဏ္ဍကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မေးခွန်းများကို ဖြေဆိုနိုင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား လက်ဆောင်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
(၀၇၀)

ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း သုံးမျိုးသင်တန်းဆင်း

လားရှိုး နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ရှမ်းမြောက်ဇုန်) တို့ပူးပေါင်း၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဖွင့်လှစ်သည့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း သုံးမျိုးဆင်းပွဲကို နိုဝင်ဘာ ၂၆ ရက်က လားရှိုးမြို့ရှိ Golden Hill Hotel၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လားရှိုးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်ဦးက သင်တန်းဖွင့်လှစ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ထူးချွန်ဂုဏ်ပြုဆုများအားလည်းကောင်း၊ သင်တန်းသား၊ သင်တန်းသူအားလုံးအတွက် သင်တန်းဆင်းလက်မှတ်များအားလည်းကောင်း၊ သင်တန်းနည်းပြများအတွက် ဂုဏ်ပြုမှတ်တမ်းများအားလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိဧည့်ကြိုဝန်ဆောင်မှုသင်တန်း (FO) အား သင်တန်းသား၊ သင်တန်းသူ ၂၂ ဦးဖြင့် Two Elephants Hotel တွင်လည်းကောင်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (HK) အား သင်တန်းသား၊ သင်တန်းသူ ၂၂ ဦးဖြင့် Golden Hill Hotel တွင်လည်းကောင်း၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှုသင်တန်း (F&B Service) သင်တန်းအား သင်တန်းသား၊ သင်တန်းသူ ၂၇ ဦးဖြင့် Asia Hotel တွင်လည်းကောင်း စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၇၁ ဦးဖြင့် သက်ဆိုင်ရာ ဟိုတယ်များတွင် စာတွေ့၊ လက်တွေ့ ဖွင့်လှစ်ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) လူမော်(ပြန်/ဆက်)





ကျေးလက်ဒေသဖွံ့ဖြိုးရေး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

ကန့်ဘလူ နိုဝင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ တောက္ကရှပ်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဒေသခံပြည်သူများ နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက ကျေးရွာအရှေ့ ကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးဆန်းမင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာန၊ ဥပဒေဌာန၊ သမဝါယမဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ကျေးရွာပြည်သူများ၏ သိရှိလိုသည်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ကမ္ဘာ့ခုခံအားကျဆင်းမှု (AIDS)ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီနှင့် ပိုစတာပြိုင်ပွဲကျင်းပ

မိုးကောင်း နိုဝင်ဘာ ၂၇

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာနနှင့် ဖီးနစ်(စ်)လူမှုကူညီရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ခုခံအားကျဆင်းမှု (AIDS) ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီနှင့် ပိုစတာပြိုင်ပွဲကို နိုဝင်ဘာ ၂၆ရက် နံနက်၁၀ နာရီက အ.ထ.က(၂) ကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ပန်းချီနှင့်ပိုစတာပြိုင်ပွဲတွင် *AIDS ရောဂါကျဆင်းရေး လူတိုင်းလက်လှမ်းမီအောင် ဆောင်ရွက်ပေး* ခေါင်းစဉ်ဖြင့် မိုးကောင်းမြို့နယ် ကျောင်းပေါင်းစုံမှ အထက်တန်းအဆင့် ကျောင်းသား ခြောက်ဦး၊ ကျောင်းသူ ခြောက်ဦးနှင့် အလယ်တန်းအဆင့် ကျောင်းသား ၁၇ ဦး၊ ကျောင်းသူ ၂၃ ဦးတို့က ပိုစတာယှဉ်ပြိုင်ကြပြီး ပန်းချီမူလတန်းအဆင့်၌ ကျောင်းသား ၁၈ ဦး၊ ကျောင်းသူ ၂၃ ဦးတို့ ယှဉ်ပြိုင်ကြရာ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၉၃ ဦး ယှဉ်ပြိုင်ကြသည်။

ကမ္ဘာ့ခုခံအားကျဆင်းမှု (AIDS)ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီနှင့်ပိုစတာပြိုင်ပွဲမှ ဆုရရှိသူများအား ဒီဇင်ဘာ ၁ ရက် အထိမ်းအမှတ် အခမ်းအနား၌ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။**(အပေါ်ပုံ)**



သန်းလွင်ဦး(ပြန်/ဆက်)

စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှု (Library Campaign)အဖြစ် ကလေးတိုင်းစာဖတ်သူဖြစ်စေရမည် (Every Child a Reader)အစီအစဉ် ဆောင်ရွက်

ပြင်ဦးလွင် နိုဝင်ဘာ ၂၇

ကလေးများ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရရှိစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှု (Library Campaign)အဖြစ် "ကလေးတိုင်းစာဖတ်သူ ဖြစ်စေရမည် (Every Child a Reader) အစီအစဉ် ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြင်ဦးလွင်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွန်းနန်းထွေးက (Every Child a Reader) ခေါင်းစဉ်ဖြင့် ပြိုင်ပွဲများ ကျင်းပရသည့် ရည်ရွယ်ချက်များနှင့် လူငယ်များ စာအုပ်၊ စာပေလေ့လာဖတ်ရှုခြင်းဖြင့် ဗဟုသုတကောင်းများ ရရှိလာစေခြင်းနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ကျင်းပရာ ပြိုင်ပွဲတစ်ခုတွင် အမှတ်(၃)အခြေခံပညာမူလတန်း လွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ငါးဦးစီ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။ **(ဝဲပုံ)**

ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် အခါကြီးနေ့ကြီး အထိမ်းအမှတ်ပြိုင်ပွဲများ၊ ဟောပြောပွဲများနှင့် စာဖတ်ဝိုင်းများကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သွေးသွေး(ခရိုင်/ပြန်ဆက်)



မတ္တရာမြို့နယ်၌ မြွေတလိုင်းတိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်

မတ္တရာ နိုဝင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ မြွေဟသံကျေးရွာအုပ်စု၊ မြွေတလိုင်းကျေးရွာရှိ တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်ခြင်းကို နိုဝင်ဘာလ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါဆေးရုံတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အဆိုပါတိုက်နယ်ဆေးရုံ ခန်းမဆောင်တွင် ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြသည်။ ထို့နောက် ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးလှမြင့်၊ အမှတ်(၁)စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး နိုင်ဝင်းထွန်း၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးနန်းဝင်းထွေး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်အောင်ကျော်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် တာဝန်ရှိသူများက မြွေတလိုင်းတိုက်နယ်ဆေးရုံဆိုင်းဘုတ်အား အမွေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်သူ့လွတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားများပြောကြားခဲ့ကြသည်။ ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်အောင်ကျော်က တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တိုက်နယ်ဆေးရုံတာဝန်ခံ ဒေါက်တာညီညီက မိတ်ဆက်စကားပြောကြားခဲ့သည်။

အဆိုပါ မြွေတလိုင်းတိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်ခဲ့သည့်အတွက် ဒေသအတွင်းရှိကျေးရွာနေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပုံမှန်ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

ရွှေရာသား

အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

လားရှိုး နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ မြန်မာစီးပွားရေးဘဏ်၌ ပင်စင်လစာ လာရောက်ထုတ်ယူသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ပင်စင်လစာများ စနစ်တကျထုတ်ပေးခြင်း၊ အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို နိုဝင်ဘာ ၂၅ ရက်က ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပင်စင်လစာ လာရောက်ထုတ်ယူသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်းများက ပင်စင်လစာများ စနစ်တကျ ထုတ်ပေးခြင်း၊ ခုတင်(၅၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးမှ ဝန်ထမ်းများက အခမဲ့ကျန်းမာရေးစောင့်ရှောက်ကုသဆောင်ရွက်ပေးခြင်း၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိစေရန်အတွက် စားသုံးသူရေးရာဦးစီးဌာနက ကြီးကြပ်၍ လားရှိုးမြို့နယ် ဆန်စပါးကုန်သည်များ အသင်းအနေဖြင့် ပြင်ပပေါက်ဈေးထက် သက်သာသော နှုန်းထားဖြင့် ဧည့်မထဆန်တစ်ပြည်လျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့် လည်းကောင်း၊ စားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၉၅၁၀ နှုန်းဖြင့် လည်းကောင်း၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြက်ဥ ၁၀ လုံးလျှင် ငွေကျပ် ၅၅၀၀ နှုန်းဖြင့် လည်းကောင်း စနစ်တကျ ရောင်းချပေးခဲ့သည်။



လားရှိုးမြို့တွင် ပင်စင်စား အငြိမ်းစားနိုင်ငံ့ဝန်ထမ်း စုစုပေါင်း ၆၀၀၀ ကျော်ခန့်ရှိပြီး မြန်မာ့စီးပွားရေးဘဏ်မှ လစဉ် ၂၁ ရက်မှ လကုန်ရက်အထိ ရုံးဖွင့်ရက်တိုင်း ပင်စင်လစာများ ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးမျိုးကြောင့် ပင်စင်လစာ လာရောက်မထုတ်ယူနိုင်သည့် ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား နောက်လ လဆန်းပိုင်းမှစ၍ ရုံးဖွင့်ရက်တိုင်း ပင်စင်လစာများ ထုတ်ယူခွင့်ပြုကြောင်း လားရှိုးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

(ဝဲပုံ)

လူမော်(ပြန်/ဆက်)

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း သောက်သုံးရေများ စနစ်တကျသုံးစွဲရေးဆိုင်ရာအသိပညာပေး

ရပ်ဆောက် နိုဝင်ဘာ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေအရင်းအမြစ်လျော့နည်းမှုနှင့် သောက်သုံးရေများအား စနစ်တကျသုံးစွဲရေးဆိုင်ရာ အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ကောင်းဘို့ကျေးရွာအုပ်စု၊ စမ်းရေဦးကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဝင်းက အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ရေကိုအလေအလွင့်မရှိ စနစ်တကျ အသုံးပြုရန်နှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန်၊ ရေရှားပါးမှုဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာထိန်းသိမ်းထားရှိရန်နှင့် ရေကိုလိုအပ်သလောက်သာ သုံးစွဲရန် အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**



မောင်ခိုင်

အသက်(၂၅)နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ကျင်းပ

မင်းဘူး နိုဝင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၌ ၂၀၂၆ ခုနှစ် မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား (၅) မြို့နယ် အသက်(၂၅)နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲနှင့် ဖွင့်ပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက မင်းဘူးမြို့ခရိုင်အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ဘော်လီဘောပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပရေးကော်မတီသို့ ပုံပိုးငွေများနှင့် တိုင်ဒေသကြီးအဆင့် အေရိုးဗစ်ပြိုင်ပွဲတွင် ခရိုင်ကိုယ်စားပြု ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ အားကစားစစ်ကြောင်းမှူးမှ ဦးဆောင်၍ အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းနှင့် ခရိုင်ကိုယ်စားပြု စကုမြို့အမှတ်(၁)ကိုယ်ပိုင်အထက်တန်းကျောင်း အေရိုးဗစ်အဖွဲ့မှ သရုပ်ပြသခဲ့ပြီးနောက် ဘော်လီဘောပြိုင်ပွဲကို စတင်ကျင်းပခဲ့ရာ အဖွင့်ပွဲစဉ်အဖြစ် စလင်းမြို့နယ်အသင်းနှင့် မင်းဘူးမြို့နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ စလင်းမြို့နယ်အသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲနှင့် စေတုတ္တရာမြို့နယ်များမှ ပြိုင်ပွဲဝင်အသင်းများက နိုဝင်ဘာ ၂၆ ရက် မှ ၂၈ ရက် အထိ ၃ ရက်ကြာ ခရိုင်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၅၀၀)



ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



မန္တလေး နိုဝင်ဘာ ၂၇

မန္တလေး၊ ချမ်းမြသာစည် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်ကြမည့် လူငယ်မောင်မယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဗလငါးတန်နှင့်ပြည်စုံစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက အမှတ်(၃၅) အခြေခံပညာအထက်တန်းကျောင်းအောင်ဆန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၃၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမင်းမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က လူငယ်နှင့်ရည်မှန်းချက်ခေါင်းစဉ်ဖြင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သန်းဆင့်က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအကြောင်း၊ စာရေးဆရာစိုင်းမြတ်သူ(ရွှေဘို)က လူငယ်နှင့်သတ္တိအကြောင်း၊ စာရေးဆရာဘုန်းဇော်မိုး(ဥတ္တာ)က လူငယ်နှင့် စာပေအကြောင်းတို့ကို အသိပညာပေးဟောပြောကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သန်းဆင့်၊ စာရေးဆရာများ၊ အမှတ်(၃၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမင်းမင်းထွန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၆၉)

--*-*-*-*



နတ်ပေးကျေးရွာ၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

ကန့်ဘလူ နိုဝင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ နတ်ပေးကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်၍ ဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ကျေးရွာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကန့်ဘလူ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးစိုးခိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ခံဦးကျော်မျိုးထက်၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံဦးမျိုးဝင်းသန်း၊မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ခိုင်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ဇင်တို့က မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်လာရခြင်းအကြောင်းအရင်းများ၊Fire Hotspot မြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများ၊ PM 10 ၊ PM 2.5 နှင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများ၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများနှင့် ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်အကြောင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

--*-*-*-*

Pin Sin Pay Application မှတစ်ဆင့် ပင်စင်လစာကို Agent များထံမှ ထုတ်ယူနိုင်မည်



နေပြည်တော် နိုဝင်ဘာ ၂၇

အငြိမ်းစားဝန်ထမ်းများ အနေဖြင့် ပင်စင်လစာကို ယခင်ထုတ်ယူနေသည့် နည်းလမ်းများအပြင် PinSinPay User Application မှတစ်ဆင့် Agent များထံမှလည်း ထုတ်ယူနိုင်မည်ဖြစ်ကြောင်း ပင်စင်ဦးစီးဌာနမှ အသိပေးထုတ်ပြန်ထားသည်။

ပင်စင်လစာနှင့် ဆုငွေများကို ဒီဂျစ်တယ်စနစ်ဖြင့် ပေးချေနိုင်ရန် Pension Payment and Management System (PPMS) ကို ရေးဆွဲထားပြီး အငြိမ်းစားများ၏ အချက်အလက်များကို စနစ်တကျ စုစည်းထည့်သွင်းနိုင်ရေး၊ မှန်ကန်တိကျမှုရှိစေရေးနှင့် ပင်စင်လစာထုတ်ယူရာတွင် လွယ်ကူလျင်မြန်စေရေးတို့အတွက် ဆောင်ရွက်နေခြင်းဖြစ်သည်။

ယင်းလုပ်ငန်းစဉ်အတွက် PayMe Solution Limited က PPMS စနစ်အတွင်း အငြိမ်းစားအချက်အလက်များ ပြန်လည်စာရင်းသွင်းခြင်း(Enrollment) ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ ရပ်ကွက်၊ ကျေးရွာများနှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အချက်အလက်စာရင်းသွင်းရာတွင် အငြိမ်းစားများ၏ ကိုယ်ရေးအချက်အလက်များအပြင် သက်ရှိထင်ရှားရှိကြောင်း အတည်ပြုရန် Face ID ရယူခြင်းနှင့် အသုံးပြုမည့် ဖုန်းနံပါတ်သို့ SMS OTP Code ပေးပို့ အတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပြီး အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကိုပါ ပူးတွဲဆောင်ရွက်ပေးနေကြောင်း သိရသည်။

အငြိမ်းစားများအနေဖြင့် မိမိတို့နှစ်သက်ရာ နည်းလမ်းကို ရွေးချယ်၍ ပင်စင်လစာထုတ်ယူနိုင်မည်ဖြစ်ပြီး PinSinPay UserApplication မှတစ်ဆင့် Agent များထံမှ ထုတ်ယူခြင်း၊ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ယခင်အတိုင်းထုတ်ယူခြင်း၊ Mo-bile Agent များမှတစ်ဆင့် ထုတ်ယူခြင်းနှင့် ငွေစုဘဏ်စာရင်း၊ စာရင်းရှင်စာရင်း၊ ATM စာရင်းများသို့ ပြောင်းလဲထည့်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပင်စင်ဦးစီးဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

ကဗျာ၊ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

မိုင်းပျဉ်း နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့အခြေခံပညာအထက်တန်းကျောင်း၌ (၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်(အကြို) ကဗျာ၊ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာခိုင်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ထက်၊ လယ်၊ မူအဆင့် ကျောင်းသား၊ ကျောင်းသူများက စာစီစာကုံးတွင် ၁၅ဦး၊ ကဗျာပြိုင်ပွဲတွင် ၃၃ဦးနှင့် ပန်းချီပြိုင်ပွဲတွင် ၂၁ ဦး၊ စုစုပေါင်း ၆၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



နိုဝင်ဘာလအတွင်း ငွေလဲနှုန်း ငွေကျပ် ၃,၆၆၀ ဖြင့် ဒေါ်လာ ၁၃၀ ဒသမ ၈ သန်းခန့် ဗဟိုဘဏ် ရောင်းချပေးထား

ရန်ကုန် နိုဝင်ဘာ ၂၇

နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ငွေလဲနှုန်း တစ်ဒေါ်လာ ငွေကျပ် ၃,၆၆၀ဖြင့် အမေရိကန်ဒေါ်လာ ၁၃၀ ဒသမ ၈ သန်းခန့် ရောင်းချပေးထားကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ် (CB-M)က နိုဝင်ဘာ ၂၅ရက်တွင် ထုတ်ပြန်ထားသည်။

ဗဟိုဘဏ်သည် နိုင်ငံတော်၏ အရေးကြီးကုန်စည်များဖြစ်သည့် စက်သုံးဆီ၊ စားသုံးဆီ၊ ဓာတ်မြေသြဇာနှင့် အခြားကုန်စည်များ တင်သွင်းရန်လိုအပ်သည့် နိုင်ငံခြားငွေများကို FX Market Online Trading Platform မှ တစ်ဆင့် AD လိုင်စင်ရ ဘဏ်များမှတစ်ဆင့် သွင်းကုန်တင်သွင်းသူများထံ ရောင်းချပေးနေခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအထိ ခုနစ်လတာကာလအတွင်း အဆိုပါကုန်စည်များ တင်သွင်းနိုင်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၀၂ ဘီလီယံခန့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ယင်းကာလအတွင်း FX Market Online Trading Platform နှင့် AD လိုင်စင်ရဘဏ်များမှတစ်ဆင့် သွင်းကုန်လုပ်ငန်းရှင်များထံ အမေရိကန်ဒေါ်လာ ၂,၁၆၉ ဒသမ ၈ သန်း၊ တရုတ်ယွမ် ၁,၈၉၂ ဒသမ ၄သန်း၊ ထိုင်းဘတ် ၆,၅ ၇၆ ဒသမ ၂ သန်းနှင့် အိန္ဒိယရူပီး ၇၄ ဒသမ ၅ သန်းခန့် ရောင်းချပေးခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခု နိုဝင်ဘာလအတွင်း တွင်လည်း အမေရိကန်ဒေါ်လာ ၂၅၅ ဒသမ ၄ သန်း၊ တရုတ်ယွမ် ၈၉ ဒသမ ၉ သန်း၊ ထိုင်းဘတ် ၇၆၂ ဒသမ ၆ သန်းနှင့် အိန္ဒိယရူပီး ၁၃ ဒသမ ၃ သန်းခန့် ရောင်းချပေးထားကြောင်း သိရသည်။

လက်ရှိတွင် ဗဟိုဘဏ်၏ ခွင့်ပြုချက်နှင့် လိုင်စင်မရှိဘဲ ရန်ကုန်မြို့၌ ပြင်ပပေါက်ဈေးဖြင့် တရားမဝင် နိုင်ငံခြားငွေ ရောင်းဝယ်သူအချို့ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်းလည်း သိရသည်။ **(အောက်ပုံ)ရွှေမန်း**



အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးချစ်တင် အမည်ဖြင့် ချထားပေးသော မြေကွက်အတွင်းမှ တောင်ဘက်ခြမ်းဧရိယာ ပေ(၃၀×၄၀)၏ မြောက်ဘက်ခြမ်း ဧရိယာ(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အဆောက်အဦး(ရေ+မီး) အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်နီနီအောင် (ဘ)ဦးခင်အောင်သိန်း(၉/မရမ(နိုင်)၀၀၁၄၈၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ကျော့ကျော့ခိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ
၁၀၉(စီ)လမ်း၊ လမ်း၅၀နှင့်၅၁လမ်းကြား၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၅၆၀၂၆၈၇၆ ၊ ၀၉-၇၉၈၇၈၃၄၅၇

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စျ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၃)၊ ဦးပိုင်အမှတ်(၂၆)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်သန့်ဇင်အေး (ဘ)ဦးအောင်မြင့် အမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်၏(တောင်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့အနောက် ပေ(၄၀)၊ တောင်မြောက် (၁၅)ပေ အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးအောင်မျိုးထက် (ဘ)ဦးလှမျိုး(၉/ပကခ(နိုင်)၀၄၇၄၅၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူခြင်းအတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးသက်နိုင်စိုး (LL.B)
တရားလွှတ်တော်ရှေ့နေ
ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B)
(အထက်တန်းရှေ့နေများ)
(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (ဇ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာအုပ်စု၊ ထန်းတောရွာရှိ မြောက်ဘက်ပိုင်း အရှေ့မျက်နှာစာ အရှေ့အနောက် (ပေ၃၀၊ ၆လက်မ)၊ တောင်ဘက်ပိုင်း အရှေ့အနောက်(၂၆ပေ၊ ၂လက်မ)၊ တောင်မြောက်(၁၀၂ပေ၊ ၆လက်မ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦး၊ ရေ၊ မီး၊ မီး(မီတာ)နှင့် ဝင်းခြံအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်သည့် ဦးငြိမ်းဆောင် (ဘ)ဦးသန်းမောင်(၉/အမရ(နိုင်)၀၉၇၈၃၁)၊ ဦးသန်းလွင်ထွန်း (ဘ)ဦးငြိမ်းဆောင်(၉/အမရ(နိုင်)၁၈၃၆၅၃)နှင့် ဦးဇင်မင်းထက် (ဘ)ဦးငြိမ်းဆောင်(၉/အမရ(နိုင်)၁၄၅၃၇၇)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ –
ဦးရန်အောင်မိုး (LL.B,D.I.L) ဦးစော်စော်ထွန်း (LL.B)
(တရားလွှတ်တော်ရှေ့နေ) (တရားလွှတ်တော်ရှေ့နေ)
ရတနာဂူလမ်း၊လက်ဝဲမြင်းတိုင်ရပ်၊ငယ်တိုးရပ်ကွက်၊အမရပူရမြို့နယ်၊မန္တလေးမြို့။ ဖုန်း၀၉-၇၈၈၆၂၀၂၄၆

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်(၈-၇)၊ ဦးပိုင်အမှတ်(၈၃+၈၄)၊ ၄၃လမ်း၊ ၆၇လမ်းနှင့်၆၈လမ်းကြားရှိ 43 Tower၏ အလွှာ (၃)လွှာ၊ အခန်းအမှတ်(B-3)၊ အကျယ်အဝန်း(၁၈×၅၈)ပေခန့်ရှိသော တိုက်ခန်းသည် ဒေါ်လီလီကျော်ခိုင် (ဘ)ဦးကျော်ကျော်ခိုင်(၉/ပကခ(နိုင်)၀၅၀၅၃၁)ကိုင်ဆောင်သူမှ မှတ်ပုံတင်စာချုပ်ဖြင့် တရားဝင် လက်ရှိလက်ရောက် ပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပါသည်။ ယင်းတိုက်ခန်း အပါအဝင် တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်လျက်ရှိသူ ဒေါ်လီလီကျော်ခိုင် (ဘ)ဦးကျော်ကျော်ခိုင်(၉/ပကခ(နိုင်)၀၅၀၅၃၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်၀၀ါအောင် (LL.B) အထက်တန်းရှေ့နေ
၃၃လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ ကဉ္စထမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၉၇၇၅၂၁၈၅၉၊ ၀၉-၄၃၆၅၀၀၀၀

ဂရန်မြေကြော်ငြာစာ

ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ	လျှောက်ထားသည့်မြေ					လျှောက်ထားသည့် အကြောင်းအရာ	အမှုတွဲအမှတ်
	အမည်/မှတ်ပုံတင်	လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်		
၁။	ဒေါ်မြင့်မြင့်သန်း(၉/မနမ(နိုင်)၀၅၀၃၀၂)	၁၉လမ်း၊၈၆လမ်းနှင့်၈၇လမ်းကြား၊အောင်မြေသာစံ	အစိုးရ	အောင်မြေသာစံ	၁၂၇	၆	ဂရန်သစ်	၃၆၄၀/၂၀၂၆-၂၀၂၇
၂။	ဦးစိုင်းခမ်းမြတ်(၉/မရမ(နိုင်)၀၃၀၇၇၃)	လမ်း၃၀၊၆၆လမ်းနှင့်၆၈လမ်းကြား၊ပါတ်ကုန်းပျော်တွယ်	ဦးစိုင်းခမ်းမြတ်	ချမ်းအေးသာစံ	၇၆၉	၁-ဇ/၄	သက်တမ်းတိုး	၃၆၄၁/၂၀၂၆-၂၀၂၇
၃။	ဦးဖော်ဖော်ဝင်း(၅/ရဘန(နိုင်)၁၀၂၀၅၅)	၇၁လမ်း၊၂၈လမ်းနှင့်၂၉လမ်းကြား၊ပါတ်ကုန်းပျော်တွယ်	ဒေါ်မြသန်း	ချမ်းအေးသာစံ	၇၃၇	၈၂+၈၃	သက်တမ်းတိုး၊အမည်ပြောင်း	၃၆၄၉/၂၀၂၆-၂၀၂၇
၄။	ဒေါ်ငှေးငှေးမြင့်(၉/မရမ(နိုင်)၀၅၆၄၁၃)	၅၅လမ်းနှင့်၅၆လမ်းကြား၊၁၀၃လမ်းနှင့်၁၀၄လမ်းကြား၊အောင်ပင်လယ်	ဦးဝမ်ရွမ်းကျမ်း(၁)ဝမ်ရွမ်းကြည်(၃)ကျော်မြင့်	ချမ်းမြသာစည်	၉	၃၇	အမည်ပြောင်း	၃၆၄၃/၂၀၂၆-၂၀၂၇
၅။	ဒေါ်ခင်စန်းဝင်း(၉/ခမစ(နိုင်)၀၂၆၇၆၅)၊ဒေါ်တင်စန်းဝင်း(၉/ခစမ(နိုင်)၀၂၆၇၆၆) ဦးမျိုးသက်(၉/ခမစ(နိုင်)၀၂၆၇၈၈)	၁၁၆လမ်း၊၄၉လမ်းနှင့်လမ်းဖွဝကြား၊မြရည်နန္ဒာ	ဒေါ်ငွေးမ	ချမ်းမြသာစည်	မမ-၉	၉	အမည်ပြောင်း	၃၆၄၇/၂၀၂၆-၂၀၂၇
၆။	ဒေါ်စောင်ဟွေရင်(၁)ဆွေဆွေသင်း(၉/မနမ(နိုင်)၀၉၈၃၈၃)	၁၁၅လမ်း၊၄၉လမ်းနှင့်လမ်းဖွဝကြား၊မြရည်နန္ဒာ	ဒေါ်တင်အိ	ချမ်းမြသာစည်	မမ-၅	၁၀	**တောမှုမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း**	၃၆၄၂/၂၀၂၆-၂၀၂၇
၇။	ဦးဘိုလေး(၉/မနမ(နိုင်)၀၈၈၄၅၃)	၅၂လမ်းနှင့်၅၃လမ်းကြား၊၁၀၇လမ်းနှင့်၁၀၈လမ်းကြား၊ထွန်တုံး	ဦးဘိုလေး	ချမ်းမြသာစည်	ဇဇ-၈	၉၃(ခဲစင်း)	**တောမှုမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ**	၃၆၄၄/၂၀၂၆-၂၀၂၇
၈။	ဦးဘိုလေး(၉/မနမ(နိုင်)၀၈၈၄၅၃)	၅၂လမ်းနှင့်၅၃လမ်းကြား၊၁၀၇လမ်းနှင့်၁၀၈လမ်းကြား၊ထွန်တုံး	ဦးဘိုလေး	ချမ်းမြသာစည်	ဇဇ-၈	၉၃(ခဲစင်း)	**တောမှုမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ**	၃၆၄၅/၂၀၂၆-၂၀၂၇
၉။	ဒေါ်နှင်းဦး(၉/ပကခ(နိုင်)၀၀၂၀၄၁)	၇၂လမ်းနှင့်၇၃လမ်းကြား၊မင်္ဂလာလမ်းမြောက်ဘက်၊ငွေတော်ကျီကုန်း	အစိုးရ	ပြည်ကြီးတံခွန်	၅	၄၉	ဂရန်သစ်	၃၆၂၅/၂၀၂၆-၂၀၂၇
၁၀။	ဒေါ်တင်သန်း(၉/မနတ(နိုင်)၀၄၄၇၅၉)	၆၇လမ်းနှင့်၆၈လမ်းကြား၊၁၁၃လမ်းနှင့်၁၁၄လမ်းကြား၊(က)	ဒေါ်တင်သန်း	ပြည်ကြီးတံခွန်	လ-၈	(၆၆)ခဲစင်း	ဦးပိုင်ခွဲ	၃၆၃၆/၂၀၂၆-၂၀၂၇
၁၁။	ဦးငွေထွန်း(၉/ခအဇ(နိုင်)၀၄၀၅၀၂)	၆၅လမ်းနှင့်၆၇လမ်းကြား၊၁၁၆လမ်းနှင့်၁၁၇လမ်းကြား၊(ခ)	ဦးငွေထွန်း	ပြည်ကြီးတံခွန်	ဟ-၈	၁၃	သက်တမ်းတိုး	၃၆၃၂/၂၀၂၆-၂၀၂၇
၁၂။	ဦးအားဟွာ(ခ)ကျော်နိုင်(၉/မရတ(နိုင်)၁၀၇၂၅၇)	၆၉လမ်းနှင့်လမ်းဂဝကြား၊၁၃၂လမ်းနှင့်၁၃၃လမ်းကြား၊(ဇ)	ဦးအားဟွာ(ခ)ကျော်နိုင်	ပြည်ကြီးတံခွန်	နန-၁	၆၃	သက်တမ်းတိုး	၃၆၃၀/၂၀၂၆-၂၀၂၇
၁၃။	ဦးအားဟွာ(ခ)ကျော်နိုင်(၉/မရတ(နိုင်)၁၀၇၂၅၇)	၆၉လမ်းနှင့်လမ်းဂဝကြား၊၁၃၂လမ်းနှင့်၁၃၃လမ်းကြား၊(ဇ)	ဦးအားဟွာ(ခ)ကျော်နိုင်	ပြည်ကြီးတံခွန်	နန-၁	၆၅	သက်တမ်းတိုး	၃၆၃၉/၂၀၂၆-၂၀၂၇
